လူဥာဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party For A New Society (DPNS)

ပါတီစည်းရုံးရေးစာစဉ်

ဖေဖော်ဝါရီ၊ ၂၀၂၅

စစ်ကောင်စီ ပြုဆင်းလာမှု အခြေအနေများ



ဒီလစကား

ကြယ်ခင်များက ကြည့်နေသည်

အေဂျေခရိုနင် (A.J Cronin) ရဲ့ ဝတ္ထုကို ဆရာမောင်ထွန်းသူ ဘာသာပြန်တော့ ပေးခဲ့တဲ့ နာမည်ပါ။ မူရင်းအမည်ကလည်း (The Stars Look Down) ဖြစ်တာမို့ အနက်တူလို့ ပြောရမယ် ထင်တယ်။ မြေပေါ် ထင်ရာစိုင်းကြသမျှ ကောင်းကင်ကြယ်တွေက ကြည့်နေ မြင်နေကြတယ် .... တဲ့။ ဟုတ်ပါရဲ့ .... မိမိတို့ ကြယ်လေးလုံးကလည်း မြန်မာနိုင်ငံတော် ဆိုတာကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်ကြပါစို့။

ဒီလ (ဖေဖော်ဝါရီ) ဆိုတာ ဗမာ့အလိုအရ တပို့တွဲ-တပေါင်းကာလ။ ပိတ်ပိတ်ပိန်း အေးခဲ မှောင်ရီနေတဲ့ ဆောင်းရဲ့ လက်ကနေ နွေဦးဟာ ဖူးသစ်ဖို့ လွန်ဆွဲ အားပြိုင်တတ်တဲ့ အချိန်အခါ။ ဒီ ဖေဖော်ဝါရီမှာပဲ အာဏာသိမ်း စစ်အုပ်စုကို လူမျိုးစုံ ဗမာပြည်သူတရပ်လုံးက ယတိပြတ် အာခံ အံတုတဲ့ နွေဦးတော်လှန်ရေး စ'တယ်။ အတိတ်ကို ငဲ့ကြည့်ရင်လည်း ပင်လုံစိတ်ဓာတ်၊ ကတိကဝတ်နဲ့ စာချုပ်တွေကို (တနည်း) တကယ့် သမိုင်းဖြစ်ရပ်တွေကို ထင်တိုင်း မျက်ကွယ်ပြုခဲ့ကြတဲ့ ဖေါက်ပြန်တဲ့ အာဏာစက်ဟာ ဒီဖေဖော်ဝါရီမှာပဲ သမိုင်းရဲ့ တန်ပြန် ပြက်ရယ်ခြင်း ခံခဲ့ရတယ် မဟုတ်လား။ ပြည်ထောင်စုနေ့ရယ်လို့ ဟန်ဆောင်ဖော်ရွှေး ပွဲသဘင်ကြီးခံပြီး တိုင်းပြည်ကို ညာလှိုင်း မှိုင်းတိုက်နေတဲ့ အာဏာပိုင်များဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တန်းတူရေး ဆုံးရှုံးရလို့ ကချင်အမျိုးသားတွေရဲ့ လက်နက်ကိုင်ခုခံစစ်ကို ရင်ဆိုင်ခဲ့ကြရတယ်။ တောင်ကြီးညီလာခံရဲ့ ပြည်ထောင်စုစစ်စမူ တောင်းဆိုမှုကို နဖူးနဲ့ဒူး ထိပ်တိုက် ကြုံကြရတယ်။ မျက်ကလူး ဆန်ပြာဖြစ်လို့ စစ်အုပ်စုကို ရှေ့တန်းတင် အာဏာသိမ်းမှုကြီး ဗူးပေါ်သလို ပေါ် ခဲ့ရတယ်။

ဒါ့ကြောင့် ဒီလစကားအဖြစ် ဆရာမောင်ထွန်းသူရဲ့စကား (A.J Cronin ရဲ့ စကား) ကို အငှားဖော်ပြ လိုက်တာပဲ။ အဘယ်နံရောအခါကမှ ဗမာပြည်မှာ ပြည်ထောင်စု မဖော်ဆောင်နိုင်ခဲ့သေးပါဘူး။ အမျိုးသား သွေးစည်းညီညွတ်မှု မတည်ဆောက်နိုင်ခဲ့သေးပါဘူး။ အမျိုးသားပြည်သူတိုင်းအတွက် တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမ' ခံနိုင်မှသာလျှင် ပြည်ထောင်စုရယ်လို့ ဟစ်ကြွေးကြေညာခွင့် ရှိမှာပါ။

ရဲဘော်တို့ ....၊ ကြယ်လေးလုံးတို့ .... နွေဦးတော်လှန်ရေးနဲ့အတူ မမေ့ မပျေ့ဆခြင်း မြဲမြံစွာ "ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု" ကို တောင်းဆိုကြ။ ။

***** ***** *****

** ရည်ညွှန်း ** လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေနိုင်ငံရေးသဘောထား (၂၀၂၁) ပါ - ***"တိုင်းရင်းသား နိုင်ငံရေးအင်အားစုများနှင့် ပတ်သက်သော သဘောထား"၊ အမျိုးသားရေးပြဿနာနှင့် အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးအပေါ် သဘောထား"*** ။



ပူးတွဲထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်

၁။ ကျွန်ုပ်တို့၏ ဘုံရည်မှန်းချက်သည် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲမည့် စနစ်ပြောင်း ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဖြစ်သည်နှင့်အညီ တန်းတူညီမျှမှုနှင့် ပြည်သူလူထု၏ဆန္ဒကို အခြေခံ၍ ပြည်နယ်/ဖက်ဒရယ်ယူနစ် အားကောင်းရေးကို ရှေ့ရှုသည့် ပြည်နယ်/ဖက်ဒရယ်ယူနစ်အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေး (Bottom – up Federalism) ချဉ်းကပ်မှုဖြင့် တော်လှန်ရေး ကာလ/ကြားကာလမှ စတင်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည် အထိ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ၂၀၂၅ ခုနှစ်တွင် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားတောင့်တလျက်ရှိသည့် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်း ချီတက်နိုင်ရန် ရရှိထားပြီးသော စုစည်းညီညွတ်မှုများထက် ပိုမိုကျယ်ပြန့်ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန် ကြိုးပမ်းအားထုတ်ရင်း စုပေါင်းတော်လှန်တိုက်ပွဲဝင်လျက်ရှိပါသည်။

၃။ ကျွန်ုပ်တို့အနေဖြင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများနှင့်တကွ ၁၀/၂၇ စစ်ဆင်ရေး အပါအဝင် နိုင်ငံတဝှမ်းအလားတူအောင်မြင်မှုများ၊ ကဏ္ဍစုံမှအောင်မြင်မှုများအတွက် တော်လှန်ပြည်သူများနှင့်သက်ဆိုင်ရာ နိုင်ငံရေး/တော်လှန်ရေးအင်အားစုများအား လေးနက်စွာ ဂုဏ်ပြုသည်။ ကမ္ဘာ့ကုလသမဂ္ဂတွင်သံအမတ်ကြီးဦးကျော်မိုးထွန်းအနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြုတာဝန်များ ဆက်လက်ထမ်းဆောင်ခွင့်ရခြင်းကို သံတမန်ရေးရာ ပြည်သူ့အောင်ပွဲအဖြစ် မှတ်ယူသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံနိုင်ငံရေး ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးသည် မြန်မာနိုင်ငံ၏ လက်ရှိပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလွန်အရေးကြီးသည်ဟု မှတ်ယူပါသည်။

၅။ ကျွန်ုပ်တို့သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အောက်ဖော်ပြပါ နိုင်ငံရေးဦးတည်ချက် (၆) ရပ်ကို ချမှတ်ထားပါသည်။

(က) စစ်အာဏာသိမ်းထားမှုကို ဖယ်ရှားပြီး အနာဂတ်တွင် စစ်တပ်၏နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်

(ခ) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်

(ဂ) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည် အသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှ တိုက်ဖျက်ရန်

(ဃ) သက်ဆိုင်သူ အစုအဖွဲ့များအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရန်၊

(င) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု အသစ်အား တည်ဆောက်ရန်၊

(စ) ပဋိပက္ခအတွင်း "လိင်နှင့် ကျား၊မအပေါ် အခြေခံသော အကြမ်းဖက်မှုများ အပါအဝင်" မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုပြန်လည်ရရှိရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ် ဖော်ဆောင်ရန်၊

၆။ ကျွန်ုပ်တို့သည် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ သတ်မှတ်ဖွဲ့စည်းရေးနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရေး ကိစ္စရပ်များကို အသွင်ကူးပြောင်းရေးကာလရောက်ရှိသည့်အခါ ပြည်သူလူထု၏ဆန္ဒကို အခြေခံ၍ မည်သည့် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ အဓိကသက်ဆိုင်သူအားလုံး ပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်သွားမည်။ တော်လှန်ရေးအင်အားစုများ အချင်းချင်းကြား ဖြစ်ပွားသော မည်သည့်အငြင်းပွားမှုကိုမဆို မိတ်ဖက်ပဋိပက္ခများအဖြစ် မှတ်ယူ၍ ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ဖြေရှင်းဆောင်ရွက်သွားကြမည်။

၇။ အာဏာသိမ်းအကြမ်းဖက် စစ်အုပ်စုသည် မြန်မာနိုင်ငံ ပြုကွဲမည့် အခြေအနေသို့ တွန်းပို့ဖန်တီးနေသည့် အဓိကတရားခံ ဖြစ်သည့်အပြင် မင်းအောင်လှိုင်နှင့်အပေါင်းအပါတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မဖြစ်မနေတာဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားအားလုံးအနေဖြင့် အာဏာသိမ်းအကြမ်းဖက် စစ်တပ်မှစွန့်ခွာ၍ ပြည်သူလူထုလိုလားသော ဂုဏ်သိက္ခာရှိသည့် တပ်မတော်တရပ်အဖြစ် ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၈။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုသည် ရွေးကောက်ပွဲကျင်းပရန် အခွင့်အာဏာမရှိသည့်အပြင် လက်ရှိ နိုင်ငံရေးအခြေအနေသည်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်မည့် အခြေအနေ မဟုတ်ပါ။ အတုအယောင်ရွေးကောက်ပွဲကို အဓမ္မကျင်းပရန်ပြင်ဆင်နေခြင်းသည် မြန်မာနိုင်ငံပြုကွဲမှုကို ဦးတည်စေပြီး ပဋိပက္ခများကိုသာ တိုးပွားလာစေမည့်အပြင် ဒေသတွင်းမတည်ငြိမ်မှုများ ပိုမိုပေါ်ပေါက်လာစေမည် ဖြစ်သောကြောင့် ပြည်သူလူထုနှင့် နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းပါဝင်ခြင်း၊ ပံ့ပိုးကူညီခြင်း၊ အသိအမှတ်ပြုခြင်းများအား ရှောင်ကြဉ်ကြရန် တိုက်တွန်းအပ်ပါသည်။



၉။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုက ကျူးလွန်နေသည့် ရာဇဝတ်မှုများနှင့် အဓမ္မစစ်သား စုဆောင်းခြင်းလုပ်ရပ် တို့ကြောင့် မြန်မာပြည်သူတို့၏ လူမှုစီးပွားဘဝကို အလွန်အမင်းထိခိုက်ပျက်စီးစေပြီး ပြည်တွင်း၊ ပြည်ပသို့ နေရပ်စွန့်ခွါမှုများ တိုးပွားလာစေကာ ဒေသတွင်း မတည်ငြိမ်မှုကို ပိုမိုဆိုးရွားစေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများ လက်ရှိခံစားနေရသည့် အတိဒုက္ခများကို အမြန်ဆုံးကုစားနိုင်ရန် ကျွန်ုပ်တို့တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း၍ လက်တွေ့ကျပြီး ထိရောက်သော ပံ့ပိုးကူညီမှုများ ပေးအပ်ရန် တောင်းဆိုပါသည်။ ထို့အပြင် နိုင်ငံအချို့အနေဖြင့် အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု၏ ပြည်သူအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နိုင်စေရန် လေယာဉ်ဆီအပါအဝင် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးရောင်းချခြင်း၊ သံတမန်ရေးရာအရ အသိအမှတ်ပြုဆက်ဆံခြင်းတို့ကို ရပ်တန့်ရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။

၁၀။ ကျွန်ုပ်တို့သည် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားတောင့်တသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဆက်လက်ချီတက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

ဆက်သွယ်ရန်

Salai Boi Uk (CB)	+91 6909-093438
U Sithu Maung(CRPH)	+66 6131-20009
U Kyaw Htwe(NLD)	+1 612 743-5095
U Toe Kyaw Hlaing (NUCC)	+1 260 240-6792
U Tin Tun Naing (NUG)	+1 9383-007-007



လက်ရှိမြန်မာ့နိုင်ငံရေးမျက်မှောက်အခြေအနေ ခစ်ကောင်စီပြုံးဆင်းလာမှု အခြေအနေများအပေါ် ဦးအောင်မိုးဇော် (ဥက္ကဋ္ဌ၊ လူငယ်သစ်ဒီမိုကရက်တစ်ပါတီ၊ DPNS) နှင့် တွေ့ဆုံမေးမြန်းခန်း

MPA (၂၄၊ ဇန်နဝါရီလ၊ ၂၀၂၅)



ဦးအောင်မိုးဇော်

မေး - MNDAA နဲ့ စစ်ကောင်စီ အပစ်ရပ်သဘောတူညီမှုအပေါ် ဘယ်လို သုံးသပ်သလဲ။

ဖြေ - အခြေခံအားဖြင့်ကတော့ တရုတ်က အဲ့ဒေသကို၊ အဲ့ဒေသမှာရှိတဲ့ အင်အားစုတွေကို စကစနဲ့ အပစ်အခတ် ရပ်စဲအောင် အတင်း ဖိအားပေးနေပုံ ရတယ်။ ဒုတိယတခုက အပစ်အခတ်ရပ်စဲရေး တကယ်ဖြစ်တယ်ဆိုရင် ကာယ ကံရှင်တွေကိုယ်တိုင်က ပြောရဆိုရမှာ ဖြစ်တယ်။ ကာယကံရှင်တွေ အကုန်လုံးက ပြောချင်ဆိုချင်ပုံ မရဘူး။ တရုတ်က အတင်းဝင်ပြောနေတယ်။ ဒီအပစ်အခတ်ရပ်စဲရေးကိစ္စက လက်တွေ့မှာ အလုပ်ဖြစ်မှာလား မဖြစ်ဘူးလား ဆိုတာ ကတော့ ကျနော်တို့ စောင့်ကြည့်ရဦးမှာလို့ ယူဆပါတယ်။

မေး- လက်ရှိမှာ EROs တွေရဲ့ တော်လှန်ရေးနဲ့ ဗမာတွေရဲ့ တော်လှန်ရေးဆိုပြီး ကွဲနေတဲ့အပေါ် ဘယ်လို သုံးသပ်ပါသလဲ။

ဖြေ - အခြေခံအားဖြင့်တော့ ဆက်စပ်နေကြပါပြီ။ တတိုင်းပြည်လုံးမှာရှိနေတဲ့ တော်လှန်ရေးတွေက ဆက်စပ်နေကြတယ်။ သဏ္ဌာန်အရတော့ ကွဲပြားနေတယ်လို့ ယူဆရတယ်။ ဒါကတော့ သူတို့ဘဝနဲ့ ဆိုင်တယ်။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားအင်အားစုတွေ လက်နက်ကိုင်တော်လှန်ရေးဖြစ်တာ ကြာလှပြီ။ ကနေ့ကာလမှ ကျနော်တို့ တိုင်းပြည်မှာ၊ ဗမာဒေသတွေမှာ ဗမာဒေသအများစုကို ခြိုငုံပြီးတော့ တော်လှန်ရေးက ဆက်တိုက် ဖြစ်ပေါ် လာတာ ဖြစ်တယ်။ ဒီနှစ်ခု ဆက်စပ်မိဖို့ အရေးကြီးတယ်။ ဒေသအတော်များများမှာ ဆက်စပ်မိနေပြီလို့ ယူဆရတယ်။ သို့သော် လက်တွေ့အုပ်ချုပ်တာပဲဖြစ်ဖြစ် လက်တွေ့တိုက်ပွဲဝင်တာပဲဖြစ်ဖြစ် ဒီကိစ္စကတော့ ဗမာမဟုတ်တဲ့ တိုင်းရင်း သားဒေသတွေမှာ လက်နက်ကိုင်လှုပ်ရှားမှုက ကြာပြီဖြစ်တယ်။ သူတို့ရဲ့ လှုပ်ရှားမှုကလည်း တကယ်တမ်းကျတော့ သက်တမ်းကြာတဲ့အလျောက် သူတို့ရဲ့ အတွေ့အကြုံက များနေပြီ။ အဲ့အခြေအနေ နှစ်ခုပေါ့ဗျာ။ အဲ့အခြေအနေနဲ့ ဗမာပြည်တွင်းက လတ်တလောမှ လက်နက်ကိုင်တော်လှန်ရေး ဆောင်ရွက်လာတဲ့ ပုဂ္ဂိုလ်တွေရဲ့ အနေအထားနဲ့ ဆက်စပ်သွားဖို့ အဓိက အရေးကြီးတယ်။ နေရာတော်တော်များများမှာတော့ ဆက်စပ်နေပြီလို့ ယူဆရတယ်။ ဒီထက် ပိုပြီးတော့ စနစ်တကျဖြစ်အောင် ဒီထက်ပိုပြီးတော့ ဆက်စပ်မိပြီးတော့ တခုလုံး အတိုင်းအတာအရ တတိုင်းပြည်လုံး အတိုင်းအတာအရ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနိုင်မယ့် အခြေအနေကို ရှေ့ဆက်သွားဖို့ လိုအပ်တယ်လို့ ကျနော် ထင်ပါတယ်။

မေး - EROs တွေ ထိန်းချုပ်နယ်မြေတွေက များနေပြီး မြန်မာပြည်လို့ ပြောလို့ရတဲ့ တိုင်း ၇ တိုင်းမှာ စစ်ရေးအားနည်းနေသေးတယ်။ ၂၀၂၅ မှာ အဲ့ဒီ တိုင်း ၇တိုင်းမှာ တိုက်ပွဲဖော်ဆောင်တာတွေ မြင်တွေ့ရနိုင်လား။

ဖြေ - အခုအနေအထားက နေရာတော်တော်များများကို အားလုံးက သိမ်းထားပြီးပြီ။ ပဲခူးတိုင်းကို ကြည့်၊ ပဲခူးရိုးမကို ကြည့်။ ပဲခူးရိုးမမှာ ဒေသတိုင်း ဒေသတိုင်းမှာ တော်လှန်ရေးတပ်တွေ ခြေကုပ်ယူနေကြပြီ ဖြစ်တယ်။ လက်တွေ့မှာ လက်နက်အင်အားအခြေအနေအရ မြို့တမြို့လုံးကို ဒေသတခုလုံးကို မထိန်းသိမ်းနိုင်ပေမယ့် ပေါင်းတည်မှာပဲ ကြည့်ကြည့်၊ သာယာဝတီမှာပဲ ကြည့်ကြည့်၊ ဇီးကုန်းမှာပဲ ကြည့်ကြည့် ဒေသအသီးသီးမှာ သူ့ရဲ့ လက်နက်ကိုင်တပ်တွေ၊ ဒီမိုကရေစီရေးအင်အားစုတွေရဲ့ လက်နက်ကိုင်တပ်တွေ နေရာယူထားကြတယ်။ မန္တလေးတိုင်းကို ကြည့်မယ်ဆိုရင် မန္တလေးတိုင်းကိုတောင်မှ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေက ခြိမ်းခြောက်နိုင်မယ့် အနေအထား ရှိမယ်။ မန္တလေးတိုင်းက ဒေသတော်တော်များများကို လက်နက်ကိုင် တော်လှန်ရေးအင်အားစုများက ထိန်းသိမ်းထားတာ ဖြစ်တယ်။ မန္တလေးကို ဦးတည်ပြီးတော့လည်း ကနေ့ကာလမှာ ချီတက်နေကြတာ ဖြစ်တယ်။ သို့သော်လည်းပဲ လက်နက်အင်အား၊ အတွေ့အကြုံ၊ အခြေအနေ အကြောင်းကြောင်းကြောင့် အင်နဲ့အားနဲ့ ဝုန်းဆို မသိမ်းနိုင်သေးတာဘဲ ရှိတယ်။ တဖြည်းဖြည်းချင်းကတော့ မန္တလေးကိုလည်းပဲ လက်နက်ကိုင်အင်အားစုတွေ ဝိုင်းရံထားပြီ ဖြစ်တယ်။ တော်တော်ကို နီးနေပြီ။ အဲ့ဒီလိုပဲ မကွေးတိုင်းကို ကြည့်၊ မကွေးတိုင်း ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်း တခုလုံးကတော့ လက်တွေ့ကျတော့ လက်နက်ကိုင်တော်လှန်ရေးတပ်တွေပဲ ရှိတာ ဖြစ်တယ်။ ဒီကောင်တွေ တပ်တွေ နေနိုင်တာတောင် မဟုတ်ဘူး။ တဖြည်းဖြည်းနဲ့ ဆုတ်ခွါနေကြတာ ဖြစ်တယ်။ ရန်ကုန်တိုင်းကို

ကြည့်ဦး။ ရန်ကုန်တိုင်းထဲမှာလည်း လက်တွေ့ကျတော့ ကိုယ့်တော်လှန်ရေးအင်အားစုတွေက အင်အားနည်းတယ်ဆိုပေမယ့်လို့ ရန်ကုန်တိုင်းထဲမှာလည်း လက်နက်ကိုင်အင်အားနဲ့ ခြိမ်းခြောက်နိုင်တဲ့ အနေအထားမှာ ရှိနေပြီဖြစ်တယ်။ အားနည်းတာဆိုလို့ ကျနော်တို့ ရောဝတီတိုင်းမှာ တွေ့နိုင်တယ်။ တနင်္သာရီတိုင်းမှာ တွေ့နိုင်တယ်။ မွန်ပြည်နယ်ဘက်တွေမှာ တွေ့နိုင်မယ်။ ဗမာပြည်အောက်ပိုင်းဒေသတွေမှာတော့ ကျနော်တို့ အင်အားစုတွေရဲ့ သိမ်းပိုက်နိုင်မှုက၊ တိုးချဲ့လာနိုင်မှုက ဒီနေ့အခြေအနေထိတော့ နည်းနေသေးတာ တွေ့ရတယ်။ သို့သော်လည်းပဲ မကြာခင်အချိန်မှာပဲဖြစ်ဖြစ် အနီးစပ်ဆုံးအချိန်မှာပဲဖြစ်ဖြစ် ရောဝတီတိုင်းကို ခြိမ်းခြောက်နိုင်ပြီ ဖြစ်တယ်လို့ ကျနော်ပြောချင်ပါတယ်။

မေး- ၁၀၂၇ စစ်ဆင်ရေးတွေက နိုင်ငံရေးအခင်းအကျင်းသစ်လို့တောင် ပြောကြတယ်။ ၁၀၂၇ စစ်ဆင်ရေးတွေရဲ့ နောက်ဆက်တွဲ သက်ရောက်မှုတွေက ဘာတွေဖြစ်နိုင်လဲ။

ဖြေ - နောက်ဆက်တွဲသက်ရောက်မှုက ကနေ့ စကစ စစ်အုပ်စုက သူ့အာဆီယံနိုင်ငံတွေကို ချဉ်းကပ်ပြီးတော့ သူ့မဟာမိတ်တွေကို ချဉ်းကပ်ပြီးတော့ ကျနော်တို့အင်အားစုတွေကို၊ အတိုက်အခံအင်အားစုတွေကို စားပွဲဝိုင်းပေါ် အတင်းဆွဲခေါ်နေရတဲ့ အနေအထားဖြစ်နေတယ်။ သူ့ရဲ့ စားပွဲဝိုင်း၊ အတုအယောင်စားပွဲဝိုင်းပေါ်ကို အတင်းအခေါ်နေရတဲ့ အနေအထားဖြစ်တယ်။ အဲ့ဒီအခြေအနေမှာ ဖြစ်တယ်၊ ဒါက ပထမအချက်၊ ဒုတိယအဆင့်က သူတို့ကိုယ်၌ သူတို့တပ်တွေထဲမှာပဲ နေဖို့ဆိုတဲ့ အခြေအနေတွေ ဖြစ်လာတယ်။ ကနေ့ ဗမာစစ်တပ်ကကောင်တွေ ဗမာစစ်တပ်ဆိုတာထက် ကနေ့ စကစ စစ်တပ်ကကောင်တွေ တကယ်တမ်းကျတော့ မြို့ပေါ်တွေတောင်မှ ရှေ့ကို ထွက်ရဲတာ မဟုတ်တော့ဘူး။ သူတပ်ထဲမှာပဲ လုံလုံခြုံခြုံ သူတပ်ထဲမှာပဲ သူကာနေရတဲ့ အနေအထားဖြစ်တယ်။ သူတပ်ထဲကို သူပြန်ဝင်ပြီးတော့ ခုခံကာကွယ်နေရတဲ့ အနေအထား ဖြစ်တယ်။

မေး- လတ်တလော တွေ့ဆုံဆွေးနွေးရေး အသံတွေလည်း ထွက်လာနေတယ်။ EROs တွေနဲ့ လက်နက်ကိုင်အများစုကလည်း စစ်အစိုးတိုက်ရေးကို ပြောနေကြတယ်။ ဒီနှစ်ခုမှာ ဘယ်ဟာက ပိုပြီး နီးစပ်မှုရှိနိုင်မလဲ။

ဖြေ - ကျနော်သုံးသပ်ချင်တာက ကျိန်းသေတယ်။ ကျနော်တို့တိုင်းပြည်ဟာ စကစက ထွက်ပြေးနိုင်မှ တိုင်းပြည်ကကောင်းတဲ့လမ်းကြောင်းပေါ်ကို၊ တကယ်ပဲ ဒီမိုကရေစီထွန်းကားမယ့် လမ်းကြောင်းပေါ်ကို တည့်တည့်မတ်မတ် လျှောက်နိုင်လိမ့်မယ်လို့ ယူဆတယ်။ အခု တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ အနေအထားတွေက၊ ပြောနေဆိုနေကြတာတွေက ကျနော်တို့ရဲ့ လက်တွေ့အခြေအနေနဲ့တော့ လွဲတယ်လို့ ယူဆတယ်။ ကျနော်တို့ ဗမာပြည်သူတွေက ဘယ်သူမှ ဒီကောင်တွေနဲ့ စကားပြောဖို့ မတောင်းဆိုဘူး။ ဒီကောင်တွေကို မောင်းထုတ်ပစ်ဖို့ပဲ တောင်းဆိုကြတာ ဖြစ်တယ်။ ကနေ့ တိုက်ပွဲဝင်နေကြတာကလည်း လက်နက်ကိုင်ပဲ ဝင်ဝင်၊ လက်နက်မကိုင်တဲ့နည်းနဲ့ပဲ ဝင်ဝင်၊ သံတမန်ရေးနည်းနဲ့ပဲ ဝင်ဝင်၊ ပုံသဏ္ဌာန်အမျိုးစုံနဲ့ ဝင်တဲ့ အင်အားစုတွေအားလုံးက ဒီကောင်တွေကို နိုင်ငံရေးစင်မြင့်က ဘေးဖယ်ထုတ်ရေးကိစ္စကိုပဲ ဦးတည်နေတာ ဖြစ်တယ်။ အဲ့ဒါကို ဦးတည်ဆောင်ရွက်တဲ့နေရာမှာတော့ ကျနော်တို့အနေအထားက၊ တော်လှန်တဲ့ ပြည်သူတွေအနေအထားက လက်နက်အင်အား အခြားအခြေအနေ အချက်အလက်တွေ အားနည်းတယ်။ တဖက်က ရန်သူက နှစ်ပေါင်းများစွာ ပြင်ဆင်တည်ဆောက်လာတာ ဖြစ်တယ်။ အဲ့အပေါ်မှာ ရုန်းရ၊ ကန်ရတဲ့

အပေါ်မှာ ကြမ်းတမ်းမှုတွေရှိ တယ်၊ ခက်ခဲမှုတွေ ရှိတယ်၊ ကြန့်ကြာမှုတွေ ရှိတယ်။ အဲ့ဒါအပေါ်မှာ စိတ်မရှည်လို့တော့ မရဘူး။ သေသေချာချာ သည်းခံပြီးတော့ ဆက်ပြီးတော့ ဒီကောင်တွေကို တွန်းဖို့ပဲ လိုအပ်တယ်။ ဆက်ပြီးတိုက်ခိုက်ဖို့ပဲ လိုအပ်တယ်။ ဆက်ပြီး မောင်းချဖို့ပဲ လိုတယ်။ ကျနော် အဲ့လို ယူဆတယ်။

မေး- တရုတ်နဲ့ စစ်ကောင်စီပါမှ ပြည်တွင်းငြိမ်းချမ်းရေး ရမယ်လို့ နိုင်ငံတကာက ပြောနေကြတဲ့အပေါ် ဘယ်လို သုံးသပ်ချင်ပါသလဲ။

ဖြေ - ကျနော်ရဲ့နားလည်မှုကတော့ လက်တွေ့မှာ ကျနော်တို့တိုင်းပြည်ရဲ့အပြောင်းအလဲကို ကျနော်တို့ ကိုယ်တိုင်ပဲ ဖန်တီးရမှာ ဖြစ်တယ်။ ကနေ့အခြေအနေကလည်း ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးကို ကျနော်တို့ဖာသာကျနော်တို့ ဖန်တီးနေတာ ဖြစ်တယ်။ အာဆီယံဝင်ရောက်ပြီး ကူညီတာ၊ တရုတ်က ဝင်ရောက်ပြီး ကူညီတာ၊ အိန္ဒိယက ဝင်ရောက်ပြီး ကူညီတာ၊ အမေရိကက ဝင်ရောက်ပြီး ကူညီတာကို ကျေးဇူးအများကြီး တင်တယ်။ သို့သော်လည်း ကူညီမှုရဲ့ နောက်ကွယ်မှာ သူတို့ရဲ့ နိုင်ငံရေးစဉ်းစားချက်တွေ ရှိနေတယ်။ သူတို့ရဲ့ နိုင်ငံရေးစဉ်းစားချက်တွေ သူတို့ရဲ့ စီးပွါးရေးတွေ ရှိနေတယ်။ သူတို့နိုင်ငံတွေရဲ့ အကျိုးစီးပွါးတွေ ရှိနေတယ်။ သူတို့ရဲ့ နိုင်ငံရးမျှော်မှန်းချက်တွေ ရှိနေတယ်။ အဲ့ကိစ္စက တကယ်တမ်းကျတော့ ဗမာပြည်သူတွေရဲ့ ကနေ့ရုန်းကန်မှုနဲ့ နည်းနည်းလေး လွဲချော်နေတယ်။ အချို့နိုင်ငံတွေ ကြီးကြီးမားမားကို လွဲချော်နေတာ ဖြစ်တယ်။ အဲ့ဒါကြောင့်မို့လို့ ကျနော်တို့တိုင်းပြည်ရဲ့ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ကျနော်တို့ပြည်သူတွေ သဘောထားကို အဓိက အခြေခံဖို့ လိုအပ်တယ်။ ကျနော်တို့ပြည်သူတွေ သဘောထားက ဘာလဲလို့ မေးရင် ရှင်းရှင်းလေးပါ။ ကျနော်တို့ပြည်သူတွေ သဘောထားက ဒီကောင်တွေကို ကြည့်ကို မကြည့်ချင်တာ ဖြစ်တယ်။ ကျနော် အဲ့လိုပဲ ယူဆပါတယ်။




မေး- ဒီတော်လှန်ရေးမှာ လူထုက ၄ နှစ်အထိ တောင့်ခံပြီးသွားပြီ။ လူထုက ထပ်ပြီး တောင့်ခံဖို့ ဘယ်လောက် ကြာဦးမယ်လို့ သုံးသပ်ချင်လဲ။

ဖြေ - တစ်တချက် ကျနော်ပြောချင်တာက ကျနော်တို့တော်လှန်ရေးက လက်တွေ့ကျတော့ နှစ် ၅၀၊ ၆၀၊ ၇၀ လောက် ရှိပြီ။ ကျနော်တို့ပြည်သူတွေကနှစ် ၇၀ လောက် ဒုက္ခအမျိုးမျိုးခံပြီးတော့ ဒီအောက်မှာ နေခဲ့ရတာ။ ဒီတချီ ထပ်ပြီးတော့ အလျှော့ပေးလိုက်မယ်ဆိုရင်၊ ဒီအချိန် ထပ်ပြီးတော့ ယိုင်သွားမယ်ဆိုရင် ကျနော်တို့ သားတွေ သမီးတွေ မြေးတွေ ဆက်ခံကြရဦးမယ်။ အဲ့အခြေအနေကို သေချာစဉ်းစားဖို့ လိုတယ်လို့ ကျနော်ပြောချင်တယ်။ လေး ငါး ခြောက်နှစ် ဟုတ်ပါတယ်၊ ပင်ပန်းတယ်၊ သို့သော်လည်း အဲ့အပေါ်မှာ စိတ်ဓာတ်မကျဖို့ ဆက်တောင့်ခံ ဆက်တင်းခံဖို့ လိုအပ်တယ်။ ခင်ဗျားတို့ အောင်မြင်မှုတွေကလည်း ခင်ဗျားတို့မျက်စိရှေ့မှာ ဆက်တိုက် ဆက်တိုက် မြင်နေရပြီ။ အကြပ်အတည်းကတော့ တွေ့နိုင်တယ်။ ဒီအကြပ်အတည်းကို သည်းခံပြီးတော့ ကျနော်တို့ ဆက်မကျော်နိုင်ဘူးဆိုရင် ကျနော်တို့ သားတွေသမီးတွေ မြေးတွေ မြစ်တွေ ဆက်ခံကြရဦးမှာ။ ကျနော်တို့ တိုင်းပြည်ကို ဒီလိုအခြေအနေမျိုးနဲ့ နှစ်ပေါင်းများစွာ ဆက်ပြီး ဒုက္ခအရောက်ခံမလား။ ဒီအခြေအနေမျိုးကြီးကို ရင်းပြီးတော့ ကျနော်တို့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေအတွက် ဆက်ပြီးရုန်းမလား ဆိုတာကို သေချာ စဉ်းစားစေချင်တယ်။ အများစုကို ကျနော် မေတ္တာရပ်ခံချင်တာက အများစုကို တောင်းပန်ချင်တာက ခင်ဗျားတို့ ရုန်းကန်မှုတွေကြောင့် ကျနော်တို့တိုင်းပြည်က အမှန်တကယ် လွတ်မြောက်တော့မှာ ဖြစ်တယ်။ ဆက်ပြီး တောင့်ခံကြဖို့ မေတ္တာရပ်ခံချင်တယ်။ ဒါ အဓိကအချက်ပါ။ အဓိကအချက်ကို ထပ်ပြီး ပြောချင်ပါတယ်။ ထပ်ပြီး မေတ္တာရပ်ခံချင်တယ်၊ ဆက်ပြီး ရုန်းကန်ကြပါ။ ကျနော်တို့ လွတ်မြောက်တော့မယ်။ ဆက်ပြီး ရုန်းကန်ကြပါလို့ ကျနော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

မေး- စစ်တပ်ရဲ့ပြိုလဲမှုက ဘယ်လောက်ထိ ရှိနေပြီးလဲလို့ ပြောလို့ရမလဲ။

ဖြေ - ကျိန်းသေတာကတော့ ကျနော်တို့ တိုင်းပြည်ထဲက စကစ စစ်တပ် ရဲဘော်တော်တော်များများက စစ်မတိုက်ချင်တော့ဘူးဆိုတာ အင်မတန်မှ သေချာတယ်။ တပ်ရင်းလိုက်၊ တပ်ခွဲလိုက်၊ တပ်စုလိုက် လက်နက်ချတာတွေက ဒီကနေ့ကာလမှာ ဖြစ်တယ်။ သူတို့ကိုင်လာတဲ့ သေနတ်တောင်မှ ပေးပြီးတော့ အကုန်ပြန်ကြတာတွေ ဖြစ်တယ်။ ဒါတွေက မျက်မြင်ကိုယ်တွေ့တွေ ဖြစ်တယ်။ အများစုကြီးက တကယ်ကို စစ်မတိုက်ချင်တော့တာ ဖြစ်တယ်။ ဒါပေမယ်လို့ စစ်တပ်ထဲ စစ်ဆက်တိုက်ချင်တဲ့လူတွေ ရှိကောင်း ရှိနိုင်သေးတယ်။ စစ်ဆက်တိုက်ချင်တဲ့ လူတွေက ဘယ်သူတွေလဲ၊ သူတို့အုပ်စုတွေ အပေါ်ယံအုပ်စုတွေ။ စစ်တပ်ကြောင့် အကျိုးစီးပွါး ဖြစ်ထွန်းနေတဲ့သူ၊ စစ်တပ်ကြောင့် ချမ်းသာကြွယ်ဝနေသူတွေ၊ စစ်တပ်ကို အသုံးပြုပြီးတော့ သူတို့အကျိုးစီးပွါးကို တိုးချဲ့လို့ ရနေတဲ့ သူတွေ၊ အဲ့ဒီလို ပုဂ္ဂိုလ်တွေက ဆက်စစ်တိုက်ချင်နေတုန်းပဲ။ ဒါကြောင့်လည်း မင်းအောင်လှိုင်က ဆက်ပြီး စစ်တိုက်သွားမယ် ဘယ်လို အခြေနေမျိုးမှာဖြစ်ဖြစ် ဆိုတာကို သူကြွေးကြော်နေတာ ဖြစ်တယ်။ အဲ့တာတွေကတော့ ရှိနေဦးမှာပဲ ဖြစ်တယ်။ ဒါကြောင့် ကျနော်တို့မှာ ပြင်းပြင်းထန်ထန် တွန်းလှန်နိုင်ရင်၊ ကျနော်တို့မှာ လက်နက်တွေရှိရင်၊ ကျနော်တို့ ဒီစစ်အုပ်စုကို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားအောင် လုပ်နိုင်မယ့်အခြေအနေ ရှိနေပြီလို့ ကျနော်ကတော့ ပြောချင်ပါတယ်။



မေး- NUG - NUCC တို့ရဲ့ နိုင်ငံရေး ဦးဆောင်မှုတွေကို ပြည်သူလူထုက ယုံကြည်မှုအားနည်းလာတဲ့အပေါ် ဘယ်လို သုံးသပ်ချင်ပါသလဲ။

ဖြေ - လက်တွေ့မှာက ခေါင်းဆောင်မှုဆိုတာ တိုက်ပွဲတွေကြားက ပေါ်တာပဲ။ ကျနော်တို့ တိုင်းပြည်ဟာ အောင်နိုင်လုလု ဖြစ်နေပြီ။ တကယ်အောင်မယ့် အခြေအနေကို ရောက်ပြီဆိုရင် ကျနော်တို့ ပြည်သူတွေက သူတို့ ခေါင်းဆောင်ဟာ ဘယ်သူဆိုတာ သူတို့ကိုယ်တိုင် ရွေးပါလိမ့်မယ်။ ကနေ့ကာလမှာ ငါတို့က ခေါင်းဆောင် တို့ကခေါင်းဆောင်အဲ့တာတွေ ပြောနေလို့က သိပ်အဓိပ္ပါယ်မရှိဘူးလို့ ထင်တယ်။ တကယ်တော့ ကျနော်တို့ရဲ့ ခေါင်းဆောင်မှုကို ကျနော်တို့ပြည်သူတွေက ရွေးမှာဖြစ်တယ်။ ကျနော်တို့ပြည်သူတွေက သူတို့အတွက် ဘယ်သူတွေက တကယ် လုပ်သွားသလဲ၊ တကယ်လုပ်ကြသလဲ၊ လုပ်ခဲ့ကြသလဲ၊ လုပ်နေကြသလဲ။ ကျနော်တို့ပြည်သူတွေက သိပါတယ်။ NUG ပဲ ဖြစ်ဖြစ်၊ NUCC ပဲ ဖြစ်ဖြစ်၊ NLD ပဲ ဖြစ်ဖြစ်၊ အခြား အင်အားစုတွေလဲ ရှိပါတယ်။ ကနေ့ကြည့်ပါ။ ခင်ဗျားတို့ တော်လှန်ရေးမှာဆိုရင် KNU ဆိုရင် ခေါင်းဆောင် ဘယ်သူမှ အငြင်းမပွါးဘူး။ KIO ဆို ဘယ်သူမှ အငြင်းမပွါးဘူး။ KNPP ဆို ဘယ်သူမှ အငြင်းမပွါးကြဘူး။ အဲ့ဒီအဖွဲ့အစည်းတွေကရော ကနေ့ဒီတော်လှန်ရေးမှာ ဦးဆောင်တဲ့လူတွေ မဟုတ်ဘူးလား။ ကျနော်တို့ပြည်သူတွေ သိတာပဲ။ ဘယ်သူတွေကတော့ တကယ်ချနေကြတယ်။ အဲ့ဒီလိုပဲ။ PDF ဆိုရင် PDF ထဲမှာလည်း တကယ့်ခေါင်းဆောင်နိုင်တဲ့လူတွေ ရှိကောင်းရှိလာနိုင်တာပဲ။ သို့တည်းမဟုတ် အခြားအင်အားစုတွေလည်း ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ အဲ့ဒါကတော့ ကျနော်တို့ပြည်သူတွေက ရွေးချယ်ကြမှာဖြစ်တယ်။ ရွေးလည်း ရွေးချယ်နေပြီးဖြစ်တယ်လို့ ကျနော်ပြောချင်ပါတယ်။

မေး- အခြား ဘာများ ဖြည့်စွက်ပြောချင်ပါသလဲ။

ဖြေ- ပြောချင်တာက ကျနော်တို့နိုင်မှာ ဖြစ်တယ်။ ကျနော်တို့ ဆက်တိုက်ဖို့ လိုတယ်။ ဟုတ်တယ်၊ ကျနော်တို့ ဒုက္ခရောက်နေတယ်။ ကျနော်တို့ ခံနေရတယ်။ ကျနော်တို့ သိတယ်။ ဒါပေမယ့် အဲ့ဒါတွေက သိပ်ပြီး ပုံကြီးချဲ့လောက်တဲ့အရာတွေ မဟုတ်ဘူးလို့ ကျနော်ထင်တယ်။ ကျနော်တို့ နိုင်ကိုနိုင်မှာ ဖြစ်တယ်လို့ ကျနော် ပြောချင်တယ်။

***** ***** *****



ပြည်ထောင်စုဆိုတာနဲ့ ပတ်သက်ရင် . . . . . .

ဇောဝင်း

အခြေခံအားဖြင့် ကျနော့်အမြင်ကို ဆွေးနွေးရရင် လွတ်လွတ်လပ်လပ် တွေးဖို့ လိုတယ် ထင်မိတယ်။ ဒီနေရာမှာ လွတ်လပ်တဲ့ တွေးထင်မှု ရနိုင်ဖို့ ရှိုးဖြောင့်ရမယ်၊ ရဲတင်းရမယ်၊ ယုံကြည်ရမယ်လို့ အတိုချုပ်ပြီး တိုက်တွန်းချင်တယ်။ ဒါမှ ကိုယ်ပိုင်ဖြစ်မယ်။


အဲ့ဒီတော့ ပြည်ထောင်စုကို သွားစို့။ ကျနော်တို့ လွတ်လပ်တဲ့ ဗမာပြည်ဆိုတာကြီးကို ပြည်ထောင်စု နိုင်ငံလို့ ပြောကြတယ်၊ ၁၂ - ဖေဖော်ဝါရီကို ပြည်ထောင်စုနေ့လို့ ခေါ်လိုက်ကြတယ်၊ ပင်လုံစာချုပ်အရ ထူထောင်ထားတယ်လို့လည်း ဆိုတယ်။ ဟုတ်ပြီ၊ သေချာလား? ကျနော် သေချာရဲ့လား? ခင်ဗျား သေချာရဲ့လား? ကျနော်တို့တွေ သေချာလား? ကျနော်တို့ပါတီ သေချာလား? ပြောချင်တာက လွတ်လပ် အမှီအခိုကင်းတဲ့ ကျနော်တို့ရဲ့ အတွေးအခေါ်မှာ ... ကျနော်တို့ပါတီရဲ့ နိုင်ငံရေးမှာ ကိုယ်ပိုင် နားလည်လက်ခံထားတဲ့ ပြည်ထောင်စုက ဘာလဲ?

ပဒေသရာဇ်၊ ဧကရာဇ် မြို့ပြတိုင်းပြည်လေးတွေ သဏ္ဌာန်အစား၊ စုပေါင်းရပ်ကြဖို့ နည်းလမ်းကို ကျနော် တို့ ပြည်ထောင်စုအဖြစ် အိပ်မက်မက်ခဲ့ကြတယ်။ ပြည်ထောင်တွေချင်းချင်း စုလိုက်ပြီး အင်အား တစုံတရာ ပိုတောင့်တင်းတဲ့ တိုင်းပြည်တပြည် လုပ်ကြည့်ချင်ကြတာပဲ။ အဲ့ဒီကာလ - ပေါင်းစည်းရေးမက်လုံး အဖြစ် "နဂို သီးခြား လွတ်လပ် တန်းတူအာဏာပိုင်တဲ့ ပြည်ထောင်တွေချင်းချင်း ပေါင်းကြတာ ..." ဆိုတဲ့ ပေးအယူ၊ နားလည်လက်ခံမှုဟာ ဂုဏ်သိက္ခာအရလည်း တင့်တယ်တဲ့၊ အပြန်အလှန် ပေးဖြစ်တဲ့ "ကြိုက်စွေး" ပဲ။ ဒါ့ကြောင့် ခုအထိ တလျှောက်လုံး စွဲလမ်း ကြွေးကြော်ခဲ့ကြတဲ့ ပြည်ထောင်စု (တကယ် စုလို့ ရတဲ့အခါကျ တော့ မြန်မာဆိုတဲ့နာမည်

ဟုတ်ကောင်းမှ ဟုတ်တော့မှာပေါ့) ဆိုတာမှာ အခရာအကျဆုံး အနှစ်အသားက ***"တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"*** ဖြစ်နေတယ်။ ဆန္ဒစွဲတွေနဲ့ ဖြစ်တာ မဟုတ်ဘူး၊ သဘာဝကျကျ ဖြစ်ခဲ့တာ၊ ဖြစ်လာတာ။ ခုအထိ ဖြစ်နေတာ။

သို့သော် ရှေးက ပဒေသရာဇ်၊ ဧကရာဇ် မြို့ပြတိုင်းပြည်လေးတွေသဏ္ဌာန်အပေါ် သံယောဇဉ်မပြတ်တဲ့၊ ဘုရင်စိတ် ဝင်နေတဲ့၊ လူမျိုးကြီးဝါဒကို ရှေ့တင်တဲ့ မပြေးသော်-ကန်ရာရှိ ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်ကို အကျိုးပြုတဲ့၊ နိုင်ငံရေး လူရည်ပိုလည်တဲ့ ထိပ်ပိုင်းလူတစု .... အာဏာဝေစုကို အချိုးအစားအများဆုံး ခြယ်လှယ်ခွင့်ရတဲ့ လူတစု (တိတိကျကျ ပြောရရင်) ဖောက်ပြန်တဲ့ အာဏာပိုင်တစုက ဇွတ်ထူထောင်လိုက်တာ ပြည်ထောင်စုမြန်မာနိုင်ငံ အမည်တပ်ထားတဲ့ "ဗမာ တပြည်ထောင်စနစ်" ဖြစ်ခဲ့တယ်။ ပြည်တွင်းစစ်ကြီးကို မွေးပေးလိုက်တယ်။ ခေတ်သစ်ကိုလိုနီနယ်ချဲ့ စနစ်ရဲ့ အကျိုးစီးပွားကို သေသေချာချာ ပုခုံးနဲ့ ထမ်းလိုက်တယ်၊ ပင်လုံကတိကဝတ် ပင်လုံစိတ်ဓာတ် ပင်လုံသဘောတူမှု ဆိုတဲ့ ပကတိ သမိုင်းဖြစ်ပေါ်မှု တွေကို မျက်ကွယ်ပြု သွေဖီတယ်။ ဒါကြောင့်မို့ ဖောက်ပြန်တဲ့အဏာလို့ ပြောတာ။ ချစ်ခြင်း - မုန်းခြင်းတွေ ကြောင့် ပြောကြတာ မဟုတ်ဘူး။

ကျနော်တို့ သင်ယူထားမှုတွေ ရှိတယ်၊ နိုင်ငံရေးခံယူချက်တွေ ရှိတယ်။ ရိုးရိုးဖြောင့်ဖြောင့်နဲ့ ရဲရဲတင်း တင်းပြောရရင် ကျနော်တို့နိုင်ငံဟာ ပြည်ထောင်စု မဖြစ်ခဲ့ဘူး။ ဖြစ်ချင်ဖူးခဲ့ကြတာပဲ ရှိတယ်။ ထူထောင် ကြည့်တော့ မအောင်မြင်ဘူး။ ဒါ တကယ်ဖြစ်ခဲ့တဲ့ ကျနော်တို့သမိုင်းပဲ။ အခု ဖက်ဒရယ် ထူထောင်မယ် ဆိုတာလည်း ပြည်ထောင်စု ဆက်ဖြစ်ချင်နေတာကို ပြောတာပဲ။ ကျနော်တို့ဟာ အစတည်းက မရှင်းခဲ့ ကြတော့ မရိုးသလို ဖြစ်သွားခဲ့တာပဲ။ ဘာလို့ ပြည်ထောင်တွေ စုရမှာလဲ၊ စုချင်ကြရတာလဲ။ သင်ထား၊ နားလည်ထားတဲ့အတိုင်း ပြောင်ကျကျ ရိုးရိုးရှင်းရှင်း ပြောရ ဖော်ထုတ်ကြရင် ရှုပ်စရာ မလိုဘူး ထင်တယ်၊ အခြေခံက အကျိုးစီးပွါးပဲ။ ဗမာက ဗမာအကျိုး၊ ကချင်က ကချင်အကျိုး၊ ရှမ်းက ရှမ်းအကျိုး၊ ချင်းက ချင်းအကျိုး .... စသည်။





တကယ်တော့ ညီနောင်သွေးချင်းတွေ ....၊ တူတူ လွတ်လပ်ရေး ဆုံးရှုံးရတာတွေ ..... ဒါတွေ အားလုံးဟာ ကြားရပျော်တဲ့ စကားလုံးအလှတွေချည်း။ တကယ့်ရင်းမြစ်ကိစ္စက ***"နယ်ချဲ့ ဆန့်ကျင်ရေး"*** ပဲ။ နယ်ချဲ့ ကိုလိုနီ အရသာကို မြည်းစမ်းကြရဖူးပြီ။ ဘယ်သူမှ ထပ်မလိုချင်ဘူး။ တဒေသချင်း တစုတဖွဲ့ချင်း ကာကွယ်နိုင်စွမ်း မရှိဘူး။ အဲ့ဒါ လက်တွေ့ သင်ယူဖူးခဲ့ကြတယ်။ နယ်ချဲ့ အရင်းရှင်ဘက်ခြမ်း သင်ယူမှုမှာ ဒုတိယကမ္ဘာစစ် အလွန်ကျတော့ နယ်မြေ သိမ်း-အနိုင်ကျင့် အုပ်ချုပ်-တဘက်သတ် စီမံခန့်ခွဲ အမြတ်ထုတ် ဆိုတဲ့ ကျွန်ပြုနည်း ခေတ်မရှိ၊ မစားသာတော့ဘူး။ စီးပွါးရေးအရ တဘက်စောင်းနင်း အမှီခိုခံနဲ့-မှီခိုရသူတွေအဖြစ် ပုံသွင်းအမြတ် ထုတ်တဲ့နည်း/ ကုန်ကြမ်း၊ ကုန်ကြမ်းတပိုင်းနဲ့ လုပ်အားရင်းမြစ်တွေကို အချိုဆုံး ပေါ်ချောင်ကောင်းနှုန်းထားနဲ့ ရယူ - ကုန်ချောဖြုန်းပေးသူ လက်ဝေခံစျေးကွက်ကို ဖန်တီးတဲ့နည်း/ ခေတ်သစ် ကိုလိုနီပြုနည်းကို နယ်ချဲ့ အရင်းရှင်ဘက်ခြမ်းက အသစ်ထုတ်လုပ်လာတယ်။ ပျဉ်ဖိုး နားလည်ခဲ့ကြတဲ့ ဒေသခံအချင်းချင်းတွေက ခေတ်မရှိတော့တဲ့ ပဒေသရာဇ်၊ ဧကရာဇ် မြို့ပြတိုင်းပြည်လေးတွေအဖြစ် ဟိတ်ဟန်ထုတ်နေကြမယ့်အစား၊ စုပေါင်းကာကွယ်ဖို့ နည်းလမ်းရှာလာတာဟာ ကျနော်တို့ အိပ်မက်' မက်ခဲ့ကြတဲ့ ပြည်ထောင်စုပဲ။ ခွဲထွက်ခွင့်တို့၊ အာဏာနဲ့ စီးပွါးခွဲဝေပုံတို့၊ ဘယ်နှပြည်ထောင်ပုံစံ လုပ်မယ်တို့၊ ဒေသ အခြေခံမလား-လူမျိုးပေါ်´ အခြေခံဦးမှာ လားတို့၊ တူတူ လာစုတဲ့နည်း (Coming ...) တို့၊ ပြန်ပြီး မျှဝေတဲ့နည်း (Holding ...) တို့ စသည်ဖြင့်တွေဟာ ကျနော်တို့ရဲ့ စုစည်းမှုကို ပုံဖော်ဖို့ နည်းနာတွေပဲ၊ ဘယ်ဟာမှ အသေ'မဟုတ်ဘူး။ တကယ် စုဖြစ်ကြတဲ့နေ့မှာ ဒေသခံလူထုရဲ့ သဘောထားနဲ့ ကိုယ်စားပြု ခေါင်းဆောင်တွေချင်းချင်းကြား ညှိနှိုင်း သဘောတူကြတဲ့ သဏ္ဌာန်ကသာ ပြည်ထောင်စု ဖြစ်မှာပဲ။

အခုလည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုလို့ ကျနော်တို့ ဟစ်ကြွေးနေကြတုန်းပဲ။ အင်အားစုတိုင်း က ခွဲမထွက်ကြေးဆိုတာ ပြောကြတယ်။ အကျိုးစီးပွားအရ ***"နယ်ချဲ့ ဆန့်ကျင်ရေး"*** ဟာ ခေတ်မီတုန်းပဲပေါ့။ ဒီတော့ တကယ်စု'ဖြစ်ကြဖို့ အရေးမှာ လူမျိုးကြီးခြယ်လှယ်စီးပိုးမှု ကင်းရလိမ့်မယ်၊ ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ ကင်းရ လိမ့်မယ်၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမ'ခံရလိမ့်မယ်၊ လူထုတွေရဲ့ သဘောဆန္ဒ တွေကို ရယူ အခြေပြုရလိမ့်မယ်။ ဒါမှသာ ***"ခေတ်သစ်ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေး"*** ဆိုတာ ပီပီပြင်ပြင် ရုပ်လုံးပေါ်လာမှာပဲ။

အင်း .... ခပ်ပါးပါးလေး မျက်ခြည်မပြတ်ဖို့ ကောင်းတာကတော့ ခေတ်သစ်ကိုလိုနီနယ်ချဲ့ဝါဒက ကျနော်တို့ရဲ့ စစ်အာဏာ သုတ်သင်ရေး၊ ဒီမိုကရေစီရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး တော်လှန်မှုအပေါ် မြွေ မသေ-တုတ်မကျိုး အလျှော့အတင်းနဲ့သာ ကစားကြလိမ့်မယ် ဆိုတဲ့ကိစ္စပဲ။ တော်လှန်ရေး ဆုံးခန်းတိုင် အောင်မြင်တာဖြစ်ဖြစ်၊ ဆုံးခန်းတိုင် ကျဆုံးသွားတာ ဖြစ်ဖြစ် ခေတ်သစ် ကိုလိုနီ နယ်ချဲ့အကျိုးစီးပွားနဲ့ ဆန့်ကျင် နေတယ်။ ဒီရဲ့နောက် ဆက်စရာ၊ ဆွေးနွေးဖို့လိုတာတွေ ကျန်ပါဦးမယ်။ အခုတော့ ဒီမှာပဲ တဖြတ်ရပ်ပါတယ်။ ။

စောဝင်း

***** ***** *****



၂၀၂၅ ခုနှစ်ဟာ အဆုံးအဖြတ်နှစ် ဖြစ်နိုင်မလား

လွန်းနွဲ့ငြိမ်း

၂၀၂၅ ခုနှစ်ဟာ အဆုံးအဖြတ်နှစ် ဖြစ်နိုင်မလား။

နိုင်ငံရေးကိစ္စမှာ အတိအကျပြောဖို့ ခက်တယ်ဆိုတာ လူတိုင်း သိကြပါတယ်။ သို့ပေမဲ့ အဆုံးအဖြတ်ဆိုင်ရာ လုပ်ငန်းတွေကို ကျကျနန ပြည့်ပြည့်စုံစုံ ပြင်ဆင် ဆောင်ရွက်ကြမယ်ဆိုရင်၊ ပြင်ဆင်ဆောင်ရွက်နိုင်ရင် ၂၀၂၅ ခုနှစ်ဟာ အဆုံးအဖြတ်နှစ် ဖြစ်သွားနိုင်ပါတယ်။

စစ်ကောင်စီ အခြေအနေ ဘယ်လို ရှိနေလဲ။

၂၀၂၅၊ ဇန်နဝါရီ၊ ၃၁ ရက်နေ့မှာ အာဏာသိမ်းစစ်ကောင်စီက ၆ လ သက်တမ်း ၇ ကြိမ်မြောက် ထပ်တိုးတယ်။ "ရွေးကောက်ပွဲကို ကျင်းပပြီး အနိုင်ရပါတီကို အာဏာလွှဲမယ်၊ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာမယ်" ဆိုတဲ့ စကားကို အခွင့်သာတိုင်း ထပ်ခါထပ်ခါ ပြောတယ်။ လက်တွေ့မှာကျ အရပ်သားတွေကို ပစ်မှတ်ထားပြီး လက်နက်ကြီးနဲ့ပစ်တာ၊ ဗုံးကြဲတိုက်ခိုက်တာ၊ မြေလှန်မီးရှို့ ဖမ်းဆီးသတ်ဖြတ်တာတွေ အချိန်နဲ့အမျှ လုပ်နေတယ်။ စစ်သားသစ်စုဆောင်းရေးကို ဂျပန်ခေတ် ခွျေးတပ်ဆွဲသလိုမျိုး မြင်မြင်ရာ သားရဲမရဲစီးပြီး အတင်းအဓမ္မ လိုက်ဆွဲနေတယ်။

သူ့တပ်ရဲ့တိုက်စွမ်းရည်က စစ်မျက်နှာတိုင်းမှာ သေကြေဒဏ်ရာရ၊ အင်္ဂလက်ရ ဖမ်းဆီးခံရ၊ အလံဖြူထောင်လက်နက်ချ၊ လက်နက်တွေ အပုံလိုက်ချန်ထားပြီး ကိုယ်လွတ်ထွက်ပြေး၊ လက်နက်ပါယူပြီး တော်လှန်ရေးဘက်ကူးပြောင်း ဆိုတာတွေချည်း ဖြစ်နေတာပါ။ သူ့တပ်က စိတ်ဓာတ်ရော တိုက်စွမ်းရည်ပါ ပြိုကျနေပြီး ပျက်သလောက်နီးနီး ဖြစ်နေပါပြီ။



လက်နက် လက်နက်ချင်း ယှဉ်မတိုက်နိုင်တော့ လက်နက်မဲ့ပြည်သူတွေကို ကြွက်မနိုင်ကျည်မီးရှို့လုပ်ရင်း အကုန်လု၊ အကုန်ဖျက်၊ အကုန်မီးရှို့လုပ်နေတဲ့၊ စစ်ရာဇဝတ်မှုတွေကို ကမ်းကုန်အောင် ကျူးလွန်နေတဲ့ အကြမ်းဖက် ဂိုဏ်းအဆင့် ရောက်ရှိနေပြီ ဖြစ်ပါတယ်။

မိမိတို့ဘက်က ဘာတွေ ပြင်ဆင်ကြရမှာလဲ။

၂ မျိုး ပြင်ဆင်ကြရမယ်လို့ ယူဆပါတယ်။

တခုက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းကြရမယ်။

နောက်တခုက ဘုံသဘောထားရပ်တည်ချက်တခု အခိုင်အမာ ချမှတ်ကိုင်စွဲကြရမယ်။

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းကြရမယ်။

ကနေ့လို ရန်သူ့တပ် ပျက်လုခမန်း ဖြစ်နေတဲ့အချိန်မှာ မိမိတို့ အင်အားစုအသီးသီးအနေနဲ့ "ရန်သူ့အခက် ပြည်သူ့အချက်" လုပ်ကြရမှာ ဖြစ်ပါတယ်။ စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေးအပါအဝင် တိုက်ပွဲသဏ္ဌာန်တိုင်းနဲ့ အဆုံးအဖြတ်စစ်ပွဲအတွက် မီးကုန် ယမ်းကုန် ထိုးစစ်ဆင်ကြရမှာ ဖြစ်ပါတယ်။ သံပူခိုက်မှာ အားစိုက်ထုနှက်ကြရမှာ ဖြစ်ပါတယ်။

ဒီအခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး တော်လှန်ရေးအင်အားစုတွေက အားကုန်သုံးပြီး မြို့သိမ်းစခန်းသိမ်း တိုက်ပွဲတွေထိ တိုက်ခိုက်နေကြတာ အားရဖွယ် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

အာရက္ခတပ်တော် (AA) နဲ့ ပူးပေါင်းတပ်တွေ ဧရာဝတီကို ဆင်းလာပြီ။ ပဲခူးဒေသကို ဆင်းလာပြီ။ မကွေး ဒေသကို ဆင်းလာပြီဆိုတာ ကြားကြရတယ်။ အဲဒီ စစ်လမ်းကြောင်းမှာ ရှိနေတဲ့ စစ်ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေ (ကပစစက်ရုံတွေ) မကျအောင် စကစတပ်က အကြိတ်အနယ် ကာကွယ်ဖို့ စိတ်ကူးကြံရွယ်မှုတွေ ရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူထုထောက်ခံမှု အပြည့်အဝ ရရှိထားတဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ ထိုးစစ်ကို တားဆီးဖို့ဆိုတာ စကစအဖို့ စိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်ပါလိမ့်မယ်။ လက်တွေ့ကျ ခါတိုင်းလိုပဲ ခွေးပြေးဝက်ပြေး ပြေးကြရ၊ ဆုတ်ပေးကြရမှာ ဖြစ်တယ်လို့ မှန်းဆမိပါတယ်။

စစ်ကိုင်းဒေသမှာ ထိုးစစ်တွေ အခိုင်အမာ ဆင်နိုင်ရေးအတွက် ပြင်ဆင်မှုတွေရှိနေတာ ကြားကြရပါတယ်။ NUG ရုံး ပြည်တွင်းမှာ အခြေစိုက်လှုပ်ရှားမယ်၊ အစိုးရအဖွဲ့ကို တော်လှန်ရေးအစိုးရ ပီပြင်အောင်၊ အမျိုးသား ညီညွတ်ရေးအစိုးရ ဝီသအောင် ပြန်လည်စုဖွဲ့ကြမယ်၊ ပြင်ဆင်ပြောင်းလဲကြမယ်ဆိုတာ သိရပါတယ်။ ဒီကိစ္စကလည်း အောင်ပွဲဆင်ရေးမှာ အခရာကျတဲ့ ကိစ္စလို့ မြင်ပါတယ်။

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီဒေသတွေမှာ စစ်ရေးတွေ အရှိန်မြှင့်နေကြတယ်။ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် နေပြည်တော်လို နေရာမျိုး မှာပါ စစ်ကောင်စီတပ် ကျီးလန့်စာစား ဖြစ်လာရတာ၊ ပြင်ဦးလွင်မှာရှိတဲ့ စစ်တက္ကသိုလ်နဲ့ စစ်အင်ဂျင်နီယာ တက္ကသိုလ်ကို နေပြည်တော်ရွှေ့ဖို့ ပြင်ဆင်လာရတာတွေထိ စစ်အုပ်စု သွေးပျက်လာရတယ်။

ဒါတွေအားလုံးဟာ တစုံလုံးဆိုင်ရာ ထိုးစစ်ကြီး၊ အဆုံးအဖြတ်စစ်ပွဲကြီးရဲ့ ဂုဏ်ရောင်ပြောင်တဲ့၊ တန်ဖိုးဖြတ်မရတဲ့ ဒေသအလိုက် တိုက်ပွဲတွေ ဖြစ်ပါတယ်။ တော်လှန်ရေးအင်အားစုအသီးသီးရဲ့ မည်ဘဲနဲ့ကို ညီနေကြတဲ့၊ အပေးအယူမျှပြီး ဟာမိုနီဖြစ်နေတဲ့ ဒေသအလိုက် ထိုးစစ်တွေ ဖြစ်ပါတယ်။

ပိုပြီး ပီပြင်၊ ပိုပြီး ထိရောက်စေဖို့ဆိုရင်တော့ ဒေသဆိုင်ရာစုဖွဲ့မှုတွေကနေ တနိုင်ငံလုံးဆိုင်ရာ စုဖွဲ့မှုအဖြစ် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးတရပ် သဏ္ဌာန်အရရော အနှစ်သာရအရပါ အခိုင်အမာဖွဲ့စည်းကြရမှာ ဖြစ်ပါတယ်။ ဒါကို ဒေသအသီးသီးမှာ တာဝန်ယူနေကြတဲ့ ခေါင်းဆောင်အသီးသီးအနေနဲ့လည်း သိရှိကြပါတယ်။ လက်တွေ့မှာ အခက်အခဲတွေ အနည်းနဲ့အများ ရှိတယ်ဆိုတာ မှန်းဆမိပေမဲ့ ၁၉၄၄၊ ၁၉၄၅ ခုနှစ်က ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး ဖွဲ့ပြီး စုပေါင်းခေါင်းဆောင်မှုနဲ့ တိုက်ခဲ့ကြသလိုမျိုး စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးကိုလည်း အားလုံး လက်တွဲစုဖွဲ့လိုက်ကြပြီး စုပေါင်းခေါင်းဆောင်မှုနဲ့ မဟာဗျူဟာကျကျ တိုက်ပွဲဆင်ရေးဟာ ဒီနေ့ကာလရဲ့ တောင်းဆိုချက် ဖြစ်လာပြီလို့ ယူဆပါတယ်။ ဒေသအလိုက်စုဖွဲ့မှုကနေ တခုလုံးဆိုင်ရာစုဖွဲ့မှုကြီးအဖြစ် တက်လှမ်းပြီး အဲဒီတပ်ပေါင်းစုကြီးရဲ့ခေါင်းဆောင်မှုနဲ့ အဆုံးသတ်တိုက်ပွဲကို စစ်ဒေသအသီးသီးကနေ ဟန်ချက်ညီ ဗျူဟာမြောက် ထိုးစစ်တွေ ဆင်ကြရမှာ ဖြစ်ပါတယ်။

ဘုံသဘောထားရပ်တည်ချက်တခု အခိုင်အမာ ချမှတ်ကိုင်စွဲကြရမယ်။

တကယ့်တကယ်ကတော့ တပ်ပေါင်းစုကြီးကိုသာ ဖွဲ့စည်းနိုင်ပြီဆိုရင် တပ်ပေါင်းစုကြီးရဲ့ သဘောထားဟာ ဘုံသဘောထား ဖြစ်ပါတယ်။ တပ်ပေါင်းစုဝင် အဖွဲ့အစည်းအသီးသီးရဲ့သဘောထား ဖြစ်ပါတယ်။

သို့ပေမဲ့ အခုလို တပ်ပေါင်းစုကြီး မစုဖွဲ့နိုင်သေးခင်၊ ဒေသအလိုက်၊ နယ်ပယ်အလိုက်၊ သဘောမျှမှုများအလိုက် စုဖွဲ့ထားတဲ့ အစုအဖွဲ့များအဆင့်မှာတော့ အင်အားစုအသီးသီး ပါဝင်ပြီး ဆွေးနွေးညှိနှိုင်း အတည်ပြုထားတဲ့ ဘုံသဘောထားတရပ် ချမှတ်ထားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

စုဖွဲ့မှုတိုင်းမှာ ကိုယ်စီချမှတ်ထားတဲ့ ဘုံသဘောထားတွေ ရှိကြပါတယ်။

NUCC မှာ၊ CRPH မှာ၊ NUG မှာ၊ PRCF မှာ၊ WLB မှာ စသည်ဖြင့် ကိုယ်စီ ရှိကြပါတယ်။ လက်နက်ကိုင် တော်လှန်ရေးအင်အားစုအသီးသီးမှာလည်း ကိုယ်ပိုင်သဘောထား ကိုယ်စီရှိကြတယ်။ သပိတ်အင်အားစုတွေ၊ အမျိုးသမီးနဲ့ လူငယ်အဖွဲ့အစည်းတွေ၊ ဗကသများအဖွဲ့ချုပ်လို သမဂ္ဂတွေ၊ CDM တွေ စသည်ဖြင့် အင်အားစုအသီးသီးမှာလည်း ကိုင်စွဲထားတဲ့ ကိုယ်ပိုင်သဘောထားတွေ ကိုယ်စီရှိနေကြတာ အမှန်ဖြစ်ပါတယ်။

အဲဒါတွေကို စုစည်းကြရမှာ ဖြစ်ပါတယ်။

ဘယ်အခြေခံပေါ်မှာ စုကြမလဲ ဆိုရင်

စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး၊ ၂၀၀၈ ခြေဥ အပြီးအပိုင် ဖျက်သိမ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ဆိုတဲ့ နွေဦးတော်လှန်ရေးရည်မှန်းချက် ၃ ရပ် အခြေခံပေါ်ကနေ စုကြရမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက် ၃ ရပ်ကို ပေါက်မြောက်အောင် ဘယ်လို ချီတက်ကြမလဲ။ ဘယ်လို ချဉ်းကပ်ကြမလဲ။ ဘယ်လို တိုက်ပွဲဆင်ကြမလဲ။ ဘယ်လို လမ်းပြမြေပုံတွေနဲ့ လျှောက်လှမ်းကြမလဲ။ ကြားကာလ (တော်လှန်ရေးကာလ)

မှာ ဘာတွေ ဘယ်လို လုပ်ကြမလဲ။ အသွင်ကူးပြောင်းရေးကာလမှာ ဘာတွေ ဘယ်လို လုပ်ကြမလဲ။ ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘာတွေ အာမခံကြမလဲ ဆိုတာတွေ ညှိကြရမှာ ဖြစ်ပါတယ်။


နွေဦးရည်မှန်းချက် ၃ ရပ်အပေါ်မှာ ညီညွတ်ပြီးကြပြီမို့ ဆက်ညှိစရာ အများကြီးမရှိဘူးလို့ မြင်ပါတယ်။ မညီနိုင်စရာလည်း ဘာအကြောင်းမှ မရှိဘူးလို့ စိတ်ချယုံကြည်ပါတယ်။

ဒီအတွက်လည်း ခေါင်းဆောင်အသီးသီးက ဘုံသဘောထားတရပ် ချမှတ်နိုင်ဖို့ ကြိုးစားခဲ့ကြတာ ဖြစ်ပါတယ်။ ဒါဟာ တရက်တည်းနဲ့ ရနိုင်တာမျိုးတော့လည်း မဟုတ်လေတော့ အင်အားစုတွေ စုနိုင်သမျှ စုခဲ့ကြ၊ ဆွေးနွေးခဲ့ကြ၊ ညှိနှိုင်းခဲ့ကြတာ ဖြစ်ပါတယ်။

ပြည်တွင်းမှာ ညှိတယ်။ နယ်စပ်မှာ ညှိတယ်။ ထိုင်းမှာ ညှိတယ်။ အင်ဒိုနီးရှားမှာ ညှိတယ်။ အကြိမ်ကြမ်ညှိကြတယ်။ အဲဒီညှိနှိုင်းမှုများရဲ့ အကျိုးဆက်အဖြစ် ရလဒ်ကောင်းတွေ ထွက်ခဲ့တယ်။ ရလဒ်တွေမှာ အမည်ဖော်ပြတာတွေရှိသလို အမည်မဖော်ပြတာတွေလည်း ရှိကြတယ်။ ဒါဟာလည်း တော်လှန်ရေးအနုပညာလို့ ပြောကြရမယ် ထင်ပါတယ်။ တော်လှန်ရေးကို နည်းနာကြွယ်ကြွယ်နဲ့ လုပ်ဆောင်ကြတာ ဖြစ်ပါတယ်။

ဒီဆွေးနွေးညှိနှိုင်းမှုများအရပဲ ၂၀၂၄၊ ဇန်နဝါရီ၊ ၃၁ ရက်နေ့မှာ ***"စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်"*** ဆိုတာကို စတင် ထုတ်ပြန်ကြေညာပါတယ်။ အင်အားစုတွေကြားမှာ K2C+ NUG ရဲ့ ဘုံသဘောထားလို့ ကောက်ယူကြတာ ရှိပါတယ်။

ကျနော့်အမြင်အရ ကောင်းမွန်တဲ့ အစပြုချက်တခု ဖြစ်တယ်လို့ တန်ဖိုးပေးပါတယ်။



ကမကထ ပြုခဲ့ကြတဲ့ အဖွဲ့အစည်းများက အင်အားစုအသီးသီးနဲ့ ဆက်လက်ဆက်သွယ်၊ ချပြ၊ အကြံရယူ၊ ကာလတခုမှာ မျက်နှာစုံညီ ပြန်ထိုင်၊ ဖြည့်စရာရှိ ဖြည့်၊ ဖြုတ်စရာရှိ ဖြုတ်၊ ပိုမိုကျယ်ဝန်းတဲ့ အင်အားစုတွေကြားမှာ ပိုမိုကျယ်ဝန်းတဲ့ ဘုံသဘောထားတွေ ထပ်ပြီး ချမှတ်ကြရမှာ ဖြစ်တယ်လို့ နားလည်ယုံကြည်ပါတယ်။

၂၀၂၄၊ စက်တင်ဘာ၊ ၁၉ ရက်နေ့မှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်နယ်/ လူမျိုးကိုယ်စားပြုကောင်စီများနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB အပါအဝင် အဖွဲ့အစည်း ၉ ဖွဲ့တို့က ***"အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် သဘောထားထုတ်ပြန်ကြေညာချက်"*** ကို ထုတ်ပြန်ကြေညာပါတယ်။

ကျနော့်အမြင်အရ ဒီတင်ပြချက်ကလည်း ကောင်းမွန်တဲ့ ဘုံစုစည်းချက်တရပ် ဖြစ်တယ်လို့ တန်ဖိုး ပေးပါတယ်။ Bottom - up Federalism ကို တင်ပြထားတာ ဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းကြတဲ့အခါ၊ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြတဲ့အခါ ထည့်သွင်းစဉ်းစားကြရမယ့်၊ အလေးထားကြရမယ့်အချက်တွေ ဖြစ်တယ်လို့ ယူဆပါတယ်။ စုစည်းပေးကြတဲ့ အဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုကြီးအပေါ် ကောင်းမှုပြုချက် ဖြစ်တယ်လို့ နားလည် ယုံကြည်ပါတယ်။ အားထုတ်မှုများအတွက် ကျေးဇူးလည်း တင်ပါတယ်။

၂၀၂၅၊ ဖေဖော်ဝါရီ၊ ၃ ရက်နေ့မှာ Chin Brotherhood (CB)၊ CRPH၊ NLD၊ NUCC နဲ့ NUG တို့က စုပေါင်း ပြီး ***"ပူးတွဲ ထုတ်ပြန်ကြေညာချက်"*** တစောင်ကို ထုတ်ပြန်ခဲ့ပါတယ်။

ကြေညာချက်ကို လေ့လာကြည့်တော့ ၃၁၊ ၁၊ ၂၀၂၄ ရက်နေ့ ဘုံသဘောထားရပ်တည်ချက်ရဲ့ ကျောရိုးကို ယူထားပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးမှာ ၁၉၊ ၉၊ ၂၀၂၄ ရက်နေ့ ထုတ်ပြန်ချက်ထဲက Bottom - up Federalism ချဉ်းကပ်မှုကို ထည့်သွင်း ကိုးကားထားတာ တွေ့ရပါတယ်။ "လမ်းတူရင် ဆုံကို ဆုံပါလိမ့်မယ်" ဆိုတဲ့ စကားက အလွန် မှန်ပါတယ်။ အဖွဲ့အစည်းပါဝင်မှုတွေသာ ကွာချင်ကွာမယ်။ ကြေညာချက်တွေရဲ့ သဘောထားချင်း ကတော့ ထပ်တူ သို့မဟုတ် ထပ်တူနီးပါး ဖြစ်နေကြတာ တွေ့ကြရပါတယ်။ တခုနဲ့တခု in Line ဖြစ်တယ်။ ဆီလျော်ဆက်စပ်နေတယ်။ ဆက်စပ် ဆင့်ပွားထားတာမျိုး ဖြစ်တယ်ဆိုတာ တွေ့ရတယ်။

ဒါကြောင့် ကျနော်တို့ အင်အားစုအသီးသီးကြားမှာ မညီစရာ၊ ညှိလို့မရစရာ ဘာမှ မရှိနိုင်ဘူးလို့ ကျနော် မှတ်ချက်ပြုတာ ဖြစ်ပါတယ်။ ကျနော်တို့ ကျိန်းသေပေါက် ညှိနှိုင်၊ ညီညွတ်နိုင်ပါတယ်။

သဏ္ဌာန်အမျိုးမျိုးနဲ့ တိုက်ပွဲဝင်နေကြတဲ့ အင်အားစုအသီးသီးကို ကျနော် ပန်ကြားတိုက်တွန်းပါရစေ။

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီး အမြန်ဆုံး ဖွဲ့စည်းကြပါ။ အကယ်၍ ဖွဲ့စည်းဖို့ အချိန်ယူရဦးမယ်ဆိုရင် ကိုယ်စီကိုယ်စီ စုဖွဲ့ထားကြတဲ့ အစုအဖွဲ့များအပါအဝင် အင်အားစု အသီးသီးကြားမှာ အလုပ်လုပ်နိုင်ဖို့ ဘုံသဘောထားရပ်တည်ချက်တရပ်ကို အမြန်စုစည်းကြပါ။ ဒီ ၂ ချက်ဟာ ကနေ့ကာလရဲ့ တိုက်ပွဲလိုအပ်ချက် ဖြစ်ပါတယ်။ အစွမ်းကုန် လုံးပမ်းအားထုတ်ပေးကြပါလို့ အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

ဒီ ၂ ချက်သာရှိရင် ၂၀၂၅ ခုနှစ်ဟာ အဆုံးအဖြတ်နှစ် ဖြစ်မှာ သေချာပါတယ်။ ။

လွန်းနွေငြိမ်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀ ရက်

***** ***** *****





ဒေါ်နှင်းနှင်းမွေး

"နွေဦးတော်လှန်ရေး ၄ နှစ်ပြည့်နှင့် အနာဂါတ်အလားအလာ"

ဒေါ်နှင်းနှင်းမွေး (တွဲဖက်အဖွဲ့ထွေထွေအတွင်းရေးမှူး၊ လူငယ်သမဂ္ဂဒီမိုကရက်တစ်ပါတီ)

၃၁၊ ဇန်နဝါရီလ၊ ၂၀၂၅ ခုနှစ်။

မေး။ ။ လက်ရှိ နိုင်ငံတကာရဲ့ ဖိအားပေးတာထက် ပိုတဲ့ စွက်ဖက်မှုတွေကို ဘက်ပေါင်းစုံက ကြုံနေရတဲ့ အခြေအနေမှာ တော်လှန်ရေး လုပ်ဆောင်နေရတဲ့ အခါမှာ ကြုံတွေ့ရတဲ့အခြေအနေ အပြောင်းအလဲတွေကို ဆွေးနွေးပေးစေလိုပါတယ်။

ဖြေ။ ။ အရင်ဆုံးပြောချင်တာကတော့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးမှာ ဝိုင်းဝန်းပြီးတော့ တတပ်တအား ပါဝင်နေကြတဲ့ နိုင်ငံအသီးသီးနဲ့ ကျမတို့ရဲ့ပြည်သူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိတဲ့ မြန်မာနွယ်ဖွားတွေကို အထူးပဲ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ အခုလက်ရှိ အခြေအနေကို ပြောရမယ်ဆိုရင် အတိတ်ကို နည်းနည်းလေးတော့ ပြန်ကောက်ရမယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ လက်ရှိမှာ ကျမတို့ ဖိအားမျိုးစုံနဲ့ ကြုံနေရတယ်။ ဒါပေမယ့်လို့ ကျမတို့ ဖြတ်သန်းခဲ့ရတဲ့ ခေတ်သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၈၈ လူထုအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့တဲ့ အချိန်တုန်းကဆိုရင် ကျမတို့ ဘယ်က အကူအညီမှ မရခဲ့ဘူး။ သတင်းတပုဒ်တက်ဖို့ အရေးတောင်မှ တော်တော်ကို ခက်ခက်ခဲခဲ စွန့်စွန့်စားစားနဲ့



တင်ဆက်ရတဲ့ အခြေအနေမျိုး ဖြစ်ခဲ့ရတာကို အားလုံးသိကြမှာပါ။ ဟန်းဖုန်းတို့ အင်တာနက်တို့ဆိုတာ ကျမတို့နဲ့ အဝေးကြီးပါ။ ကြိုးဖုန်းတောင် အိမ်တိုင်းမှာ မရှိဘူး။ တရပ်ကွက်လုံးမှာ ၂ လုံး၊ ၃ လုံးလောက်ပဲ ရှိအောင်လို့ မဆလအရေခြုံထားတဲ့ စစ်အုပ်စုက တိုင်းပြည်ကို ဖိနှိပ်ထားခဲ့တယ်။ အဲ့ဒီလို အခြေအနေမျိုးမှာတောင်မှပဲ တနိုင်ငံလုံးအတိုင်းအတာနဲ့ အုံကြွပြီးတော့ တပါတီအာဏာရှင်စနစ်ကို ကျမတို့ ဖြုတ်ချနိုင်ခဲ့တယ်။ အဲ့ဒီ အခြေအနေကနေ နောက်ထပ်တော်လှန်ရေးတွေ ဆက်လက်ဆင်နွှဲခဲ့ပြီး အခု ၂၀၂၁ တော်လှန်ရေးကြီးကို ရောက်လာတာပေါ့နော်။ အဲ့လိုရောက်လာတဲ့ အချိန်မှာ ပိုပြီးတော့ အားကောင်းတဲ့ အခြေအနေတွေကို ကျမတို့ ရရှိနေတာတော့ အမှန်ပဲဖြစ်တယ်။ ကျမတို့က ဒီမိုကရေစီရဲ့ အရသာလေးကို နည်းနည်းပါးပါး မြည်းစမ်း ကြည့်တဲ့အချိန်နဲ့ တပြိုင်နက်တည်းမှာဆိုသလိုပဲ ကမ္ဘာရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာတွေ၊ အကူအညီတွေ ကိုလည်း ကျမတို့က အများကြီး မြည်းစမ်းမိခဲ့တယ်။ ဒါကိုလည်း လက်ဆုပ်လက်ကိုင်နဲ့ လက်တွေ့ အသုံးချနိုင်တဲ့ အခြေအနေ ဖြစ်တယ်။ အခု တော်လှန်ရေး စခါစကဆိုရင် ကျမတို့ဆီမှာ ဘာလက်နက်မှ မရှိဘူး။ ဘာအကူအညီမှ လည်း မရှိဘူး။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ လိုအပ်တဲ့ကိစ္စတွေ တော်တော်များများမှာ စုမိဆောင်းမိနဲ့ ကျမတို့ တော်လှန်ရေးကို ဆင်နွှဲလာနိုင်ကြတယ်။ လက်ရှိအခြေအနေမှာ စာရင်းဇယားတွေအရဆိုရင် စစ်အုပ်စုက နိုင်ငံရဲ့ ရာခိုင်နှုန်း ၃၀ ကျော်လောက်ကိုပဲ ထိန်းချုပ်ထားနိုင်တယ်ဆိုတဲ့ အခြေအနေမျိုးကို တွေ့နေရပါပြီ။

ကျမတို့နိုင်ငံရဲ့ ဘေးအိမ်နီးနားချင်း ပတ်ဝန်းကျင်နိုင်ငံတွေပဲဖြစ်ဖြစ်၊ ကမ္ဘာမှာရှိတဲ့ နိုင်ငံတွေကပဲဖြစ်ဖြစ် သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွါးကိုပဲ ပိုပြီးတော့ အလေးထားတယ်ဆိုတာ တွေ့နိုင်ပါတယ်။ တရုတ်ပဲဖြစ်ဖြစ်၊ ထိုင်းပဲဖြစ်ဖြစ်၊ ကျန်တဲ့ ဘယ်နိုင်ငံပဲဖြစ်ဖြစ် သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွါးက အဓိကဖြစ်တယ်။ ဒါက သဘာဝလည်း ကျတယ်လို့ ထင်တယ်။ အဲဒီတော့ ကျမတို့လုပ်ရမယ့်အလုပ်က ကိုယ့်ကိစ္စကို ကိုယ်လုပ်ရမှာပဲ ဖြစ်တယ်။ အခုဆိုရင် အမေရိကန်ရဲ့ ဖြတ်တောက်မှုကြောင့် တချို့ကိစ္စတွေမှာ အခက်အခဲတွေ ဖြစ်တယ်ဆိုတဲ့ သတင်းစကားတွေ ကျမတို့ ကြားရတယ်။ ထင်ရှားတဲ့ နိုင်ငံရေးဝေဖန်သုံးသပ်သူ ပုဂ္ဂိုလ်တယောက် **ပြောတဲ့ "မှီခိုသူ့ဒုက္ခ"** ဆိုတဲ့ စကားကို ကျမဒီနေရာမှာ ငှားသုံးချင်ပါတယ်။ ကိုယ့်ကိစ္စကို ကိုယ်လုပ်ကြတဲ့အခါမှာ မှီခိုသူရဲ့ဒုက္ခတွေ လျော့သွားအောင်လို့ ကိုယ့်ရဲ့ စုစည်းပေါင်းစည်းတဲ့ အင်အားနဲ့ ဘယ်ကိစ္စကို လုပ်နိုင်မလဲဆိုတာ သေသေချာချာ လုပ်ကြဖို့လိုတယ်လို့ ယူဆတယ်။

ကိုယ့်ကိစ္စကိုမှ ကိုယ်မလုပ်နိုင်လို့ရှိရင် ဘေးပတ်ဝန်းကျင်ဆိုတာက အရံသဘောပဲ ဖြစ်တယ်။ ကျမတို့ တိုင်းပြည်ထဲမှာ ပြည်တွင်းရေးအခြေအနေတွေ မတည်မငြိမ်နဲ့ စစ်ပွဲတွေ ဖြစ်နေတဲ့အခါမှာ ဘေးပတ်ဝန်းကျင်တွေ အနေနဲ့ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီနိုင်ငံကြီးတွေလို့ အမည်ခံယူထားတဲ့ နိုင်ငံကြီးတွေကပဲဖြစ်ဖြစ် ပြည်တွင်းရေး ငြိမ်သက်သွားအောင်၊ အေးချမ်းသွားအောင် ဆိုပြီးတော့ ဝိုင်းဝန်းပြီး ဖိအားပေးတာတို့၊ ပြောဆိုတာတို့ လုပ်ကြတယ်။ ကျမတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ငြိမ်သက်သွားအောင် တည်ငြိမ်သွားအောင်၊ အေးချမ်းသွားအောင်ဆိုတဲ့ကိစ္စက ကျမတို့အလိုချင်ဆုံး ကိစ္စပဲ ဖြစ်ပါတယ်။ ဘယ်သူတွေ ဘယ်လောက်ပဲ ပြောနေပြောနေ ကျမတို့လောက် လိုချင်မှာ မဟုတ်ပါဘူး။ တပြိုင်နက်တည်းမှာပဲ ကျမတို့နိုင်ငံထဲမှာရှိနေတဲ့ ပြည်တွင်းရေးအခြေအနေကလည်း ကျမတို့အသိဆုံး ဖြစ်တယ်။ စစ်အုပ်စုက သူ့နေရာမှာ သူမနေဘဲ၊ တိုင်းသူပြည်သားတွေရဲ့ လုံခြုံရေးနဲ့ အေးချမ်းရေးကို ကာကွယ်

စောင့်ရှောက်ပေးတာ မဟုတ်ဘဲ နိုင်ငံရေးမှာ ပါဝင်ပတ်သက်ပြီး အုပ်ချုပ်ရေးအာဏာတွေပါ ရယူဖို့ ကြိုးစားတဲ့အတွက်ကြောင့် ဒီလိုအခင်းအကျင်းတွေ ဖြစ်လာရတာ ဖြစ်တယ်ဆိုတာကို နိုင်ငံတကာက သေချာ သဘောပေါက်စေချင်တယ်။ အဲ့လို သဘောမပေါက်ဘဲနဲ့ ခေတ္တခဏ ပြည်တွင်းအေးချမ်းအောင်ဆိုပြီးတော့ စစ်အုပ်စုကို အကူအညီတွေ ပေးမယ်ဆိုရင် တဒင်္ဂတော့ အေးချမ်းချင် အေးချမ်းပါလိမ့်မယ်။ သို့သော်လည်း သိပ်မကြာခင်မှာပဲ ပိုပြီးတော့ ဆိုးတဲ့အခြေအနေတွေ ဖြစ်လာလိမ့်မယ်လို့ ယူဆတယ်။

လက်တွေ့အခြေအနေကိုပဲ ကြည့်လေ။ အခုဆိုရင် တရုတ်နိုင်ငံရဲ့ ဝင်ရောက်စွက်ဖက်မှုကြောင့် တချို့အခြေအနေတွေ ဖြစ်ပေါ်လာနေတယ်။ ကျမတို့က အဲ့အခြေအနေတွေရဲ့ အတွင်းကျကျ ကိစ္စတွေကိုလည်း သေချာသိမြင်ဖို့ လိုလိမ့်မယ်ထင်တယ်။ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတွေ ကျမတို့နိုင်ငံထဲမှာ အများကြီးရှိနေတယ်။ ဒါကြောင့်မို့လို့ ကျမတို့နိုင်ငံထဲမှာ မတည်မငြိမ်၊ မအေးချမ်းဖြစ်မယ်ဆိုရင် သူ့ရဲ့အကျိုးစီးပွားတွေ ထိခိုက်မှာစိုးတဲ့အတွက်ကြောင့် ဒီလိုမျိုး ဝင်ရောက်စွက်ဖက်တယ်လို့ ယူဆတယ်။ သူတို့ တိုက်တွန်းနေသလိုမျိုး စစ်အုပ်စုက အတုယောင်ရွေးကောက်ပွဲကို လုပ်လိုက်မယ် ဆိုရင်လည်း တကယ့်အဖြေ ဟုတ်မနေဘူး။ သူတို့က အပိုင်းလိုက် ရွေးကောက်ပွဲ လုပ်မယ်လို့လည်း အသံတွေကြားနေရတယ်။ ၂၀၂၆ နှစ်ဦးကျတော့မှပဲ လုပ်တော့မယ်ဆိုတာမျိုးလည်း ကြားရတယ်။ ထပ်ပြီးတော့ ၆လ သက်တမ်းတိုးလိုက်တယ် ဆိုတာလည်း တွေ့ရတယ်။ လက်ရှိအခြေအနေမှာ သူတို့သက်တမ်း ၆ လ က ဘယ်နှခါ ရှိနေပြီလဲ။ သာမန်မဟုတ်သော အခြေအနေဆိုတာက ဒီစစ်တပ်ရှိနေသမျှ ကာလပတ်လုံးက သာမန်မဟုတ်တဲ့အခြေအနေ ထူးခြားအခြေအနေပဲ ဖြစ်နေမှာပဲ ဖြစ်တယ်လို့ မြင်တယ်။





အခုလက်ရှိအခြေအနေဆိုရင် တနိုင်ငံလုံးမှာ ဘယ်သူမှ အငြိမ်နေရတာ မဟုတ်တော့ဘူး။ စစ်ပွဲက ကိုယ်နဲ့မဆိုင်ဘူး၊ နိုင်ငံရေးက ကိုယ်နဲ့မဆိုင်ဘူးလို့ ယူဆတဲ့သူတွေ ရှိကောင်းရှိနိုင်တယ်။ အဲ့ဒီလူတွေတောင်မှပဲ နိုင်ငံရေးနဲ့ သက်ဆိုင်နေပြီ။ ဘာလို့လဲဆိုတော့ အခု အတင်းအဓမ္မ စစ်သားစုဆောင်းနေတယ်။ ကိုယ့်အိမ်ကနေပြီးတော့ သားပျိုး၊ သမီးပျိုတွေ၊ ကိုယ့်ညီတွေ၊ ညီမတွေ၊ တူတွေ၊ တူမတွေ အလုပ်သွားတယ်၊ ကျောင်းသွားတယ်။ အချိန်တန်ရင် အိမ်ပြန်ရောက်မလာဘူး။ ပေါ်တာအဆွဲခံရတယ်။ စစ်ထဲ အသွင်းခံရတယ်။ အတင်းအဓမ္မ ရှေ့တန်းကို အပို့ခံရတယ်။ တော်ကြာနေရင် ရှေ့တန်းမှာ ဆုံးသွားပြီဆိုတဲ့သတင်း ကြားရတယ်။ ဒါမျိုးတွေ ဖြစ်တဲ့အခါကျတော့ တနိုင်ငံလုံးက နိုင်ငံရဲ့အရေးဟာ ငါတို့အရေးဖြစ်တယ်ဆိုတဲ့ အသိစိတ်ကို သေချာ သွင်းပြီးတော့ ဆောင်ရွက်ကြဖို့ အချိန်တန်နေပြီ။ ဒီလိုအချိန်မျိုးမှာ နိုင်ငံတကာရဲ့ ဝင်ရောက်စွက်ဖက်မှုက များလာလိုရှိရင်တော့ ကျမတို့က ပိုပြီးတော့ ကျမတို့ တော်လှန်ရေးကို မြန်မြန်ဆန်ဆန် အဆုံးသတ်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်တယ်လို့ မြင်တယ်။ ကိုယ့်ကိစ္စက ကိုယ် ကိုယ်တိုင် လုပ်မှသာလျှင် ကိုယ်တွေရဲ့ အကျိုးစီပွားကို သေသေချာချာ ဖော်ဆောင်နိုင်မှာ ဖြစ်တယ်။ နိုင်ငံတကာရဲ့ အကူအညီ၊ အပံ့အပိုးတွေက ပေးနိုင်ရင်တော့ ကောင်းတာပေါ့။ ကျမတို့ မြန်မြန်သွားချင်တဲ့ ခရီးကို မြန်မြန်ရောက် ကောင်း ရောက်နိုင်တာပေါ့။ သို့သော်လည်းပဲ အဲ့ဒီလို မပေးနိုင်ဘူးဆိုရင်လည်း ကျမတို့က ကိုယ့်ကိစ္စ ကိုယ်လုပ်ရမှာပဲ ဖြစ်တယ်။ သူတို့လည်း သူတို့ကိစ္စသူတို့ လုပ်နေတဲ့နည်းတူ ကျမတို့ကလည်း ကိုယ့်ကိစ္စကိုယ်လုပ်ရမှာ ဖြစ်တယ်။ နိုင်ငံတကာကလည်း ပြည်တွင်းရေးမှာ ကူညီတဲ့ အနေအထားမျိုး မဟုတ်ဘဲနဲ့ ဝင်ရောက်စွက်ဖက်တဲ့ အနေအထားမျိုး ဆိုရင်တော့ စစ်အုပ်စု ပိုပြီးတော့ သက်ဆိုးရှည်လေ သူတို့ရဲ့ စစ်ရာဇဝတ်မှုကျူးလွန်တဲ့ကိစ္စတွေမှာ၊ လူသားတွေ အပေါ်မှာ လူ့အခွင့်အရေး ချိုးဖောက်တဲ့ကိစ္စတွေမှာ ဝင်ပြီးတော့ တာဝန်ခံရတဲ့ အခြေအနေတွေ ဖြစ်လာလိမ့်လို့ ပြောချင်ပါတယ်။

မေး။ ။ လေးနှစ်တာကာလမှာ အထွေထွေဖိနှိပ်မှုကြားကနေ အန်တုပြီး တော်လှန်နေကြရတယ်ဆိုတော့ နောင် အနာဂတ်မှာ ကြုံတွေ့နိုင်တဲ့ စိန်ခေါ်မှုတွေနဲ့ အနာဂတ်အလားအလာ ပြင်ဆင်သင့်တဲ့ အရာတွေကို ဆွေးနွေးပေးပါ။

ဖြေ။ ။ ပထမဆုံးပြောချင်တာကတော့ အခု ဆင်နွှဲနေကြတဲ့တော်လှန်ရေးက ကျမတို့တွေ နှစ်ပေါင်းများစွာ တော်လှန်ခဲ့ကြတဲ့ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ပြီးတော့ ကျမတို့လိုချင်တဲ့ ပြည်ထောင်စုကြီးကို သွားနိုင်ဖို့ အတွက် ကြိုးစားနေကြတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ အင်မတန် အရေးကြီးတဲ့အချိန် ဖြစ်တယ်လို့ ပြောချင်တယ်။ စာဆန်ဆန်ပေဆန်ဆန် ပြောရလို့ရှိရင်တော့ **ပြည်သစ်တည်ခန်း**ပေါ့နော်။ တိုင်းပြည်သစ်တခုကို ထူထောင်တဲ့နေရာမှာ ကျမတို့တွေ ဘယ်လောက်ထိအောင် တက်ညီလက်ညီ ရုန်းနိုင်ကြမလဲ။ ကြိုးစားနိုင်ကြမလဲ။ အိမ်ကို ဘယ်လိုပုံစံနဲ့ တည်ဆောက်ကြမလဲဆိုတဲ့ပေါ်မှာ မူတည်ပြီးတော့ ကျမတို့ရဲ့ တိုင်းပြည်က ပုံပေါ်လာလိမ့်မယ်လို့ ထင်တယ်။ ဒါပေမယ့် အရေးကြီးဆုံးကတော့ စစ်အာဏာရှင်တွေ ပြုတ်ကျသွားဖို့ပါပဲ။ တိုင်းပြည်ကို ကျမတို့ ဘယ်လို ဆက်ပြီးတော့ စုစည်းကြမလဲ။ ထူထောင်ကြမလဲဆိုတဲ့ကိစ္စက စစ်အာဏာရှင်စနစ် ပြုတ်ကျသွားပြီးတဲ့နောက်မှာမှ ပိုပြီးတော့ ပုံပေါ်လာလိမ့်မယ်။ အခုချိန်မှာလည်း မလုပ်ရဘူးတော့ မဟုတ်ပါဘူး။ အခု ကျမတို့ ကြိုးစားနေကြတဲ့ ကိစ္စတွေလည်း အများကြီး ရှိပါတယ်။

သိပ်မကြာခင်မှာ ပြည်ထောင်စုနေ့လို့ ငယ်ငယ်တုန်းကတည်းက ကျမတို့ရဲ့ဦးနှောက်ထဲမှာ သံမှိုရိုက်သွင်းခံခဲ့ထားရတဲ့ ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ရောက်ပြီ။ ကျမတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်ထောင်စုဆိုတဲ့ နာမည်ကို ခံခဲ့တယ်။ သို့သော်လည်းပဲ **ဘယ်တုန်းကမှ ပြည်ထောင်မစုနိုင်ခဲ့ဘူး။ တပြည်ထောင်စနစ်ပဲ ဖြစ်ခဲ့တယ်။** လွတ်လပ်ရေးရပြီး သိပ်မကြာခင်မှာဘဲ လက်နက်ကိုင်တော်လှန်ရေးတွေ ပေါ်လာခဲ့တယ်။ ဒါက လွတ်လပ်ရေးကို ရယူတဲ့အချိန်တုန်းက ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုမျိုး ဟုတ်မနေခဲ့လို့ဘဲ။ ကျမတို့ရဲ့ နိုင်ငံတော်သီချင်းထဲမှာပါသလို **ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြေ** ဟုတ်မနေခဲ့လို့ဘဲ။ အဲဒါကြောင့်မို့လို့ ကျမတို့ လာမယ့်အနာဂတ်မှာတော့ အဲ့ဒီ့အခြေအနေတွေ ကျော်လွှားကြရအောင်ပါ။ အနာဂတ်မှာ ကျော်လွှားနိုင်ဖို့အတွက် အနာဂတ်ကျမှ လုပ်ရမှာတော့ ဟုတ်မနေဘူးလို့ ထင်တယ်။ အခုကတည်းက ကျမတို့တွေ ဆွေးနွေးနိုင်ဖို့၊ စကားပြောနိုင်ဖို့ အခွင့်အလမ်းတွေက အများကြီး ရှိနေပါတယ်။

စစ်တပ်ကနေ အာဏာသိမ်းလိုက်တာဟာ မကောင်းတဲ့ကိစ္စ ဖြစ်တယ်။ သို့သော်လည်းပဲ တပြိုင်နက်တည်းမှာ ကောင်းတဲ့ကိစ္စတွေကို ကျမတို့ တွေးဖို့လိုတယ်လို့ ထင်တယ်။ အဲဒါကတော့ မင်းအောင်လှိုင်ရဲ့ဆိုးညစ်ယုတ်မာမှုတွေ၊ စစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကြောင့် ကျမတို့ နှစ်ပေါင်းများစွာ စကားမပြောဖြစ်ခဲ့ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားတွေကြားထဲမှာ စကားတွေ ပြောဖြစ်လာကြတယ်။ အခုဆိုရင် ကျမတို့ စကားတော်တော်များများ ပြောဖြစ်ကြတယ်။ တူတာတွေလည်း ရှိတယ်။ မတူတာတွေလည်း အများကြီး ရှိနိုင်တယ်။ အိမ်တအိမ်ထဲမှာတောင်မှပဲ၊ မိသားစုတစုတည်းမှာတောင်မှပဲ အကုန်လုံးက တူနေဖို့ နည်းနည်း ခက်တယ်လေ။ နှစ်ပေါင်းများစွာ စကားမပြောကြခဲ့တဲ့သူတွေ ကြားထဲမှာ ကွဲပြားခြားနားမှုတွေက ရှိနေမှာတော့ အမှန်ပါပဲ။ ဒါကို ကျမတို့က တူနိုင်တဲ့အချက်တွေမှာ ဘယ်လို စုပြီးတော့ လုပ်ကြမလဲ။ မတူနိုင်သေးတဲ့ အချက်တွေကို တူညီလာအောင် အတင်းကြိုးစားတာမျိုး မဟုတ်ဘဲ သဘာဝကျကျနဲ့၊ အလုပ်လုပ်ရင်းနဲ့ သူ့ရဲ့အခန်းကဏ္ဍကိုလည်း ကိုယ်က အသိအမှတ်ပြု၊ ကိုယ့်ရဲ့အခန်းကဏ္ဍကိုလည်း သူက အသိအမှတ်ပြု၊ ဒါမျိုးတွေနဲ့ သွားကြရလိမ့်မယ် ထင်တယ်။ အကုန်လုံးတူမှ အလုပ်လုပ်မယ်ဆိုရင် ကျမတို့ အလုပ်လုပ်ဖို့ နည်းနည်းတော့ ခက်သွားလိမ့်မယ်။ အဲ့တော့ ဘယ်နေရာက တူနိုင်မလဲ။ တူနိုင်မယ့်နေရာက စပြီးတော့ အလုပ်လုပ်ကြဖို့လိုတယ်လို့ ပြောချင်ပါတယ်။





အခု တော်လှန်ရေးခေါင်းဆောင်များထဲမှာရော ပြည်သူများကြားထဲမှာရော အောက်ခြေကနေပြီးတော့ အထက်ကိုသွားတဲ့ပုံစံ (Bottom-up Federalism) ကို ပြောဆိုလာကြတယ်။ အရင်တုန်းကဆိုရင် ပြည်ထောင်စုလို့ ပြောပေမယ့် ပြည်ထောင်မစုနိုင်ခဲ့တဲ့အတွက်ကြောင့်၊ အထက်ကနေအောက်ကို အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးပုံစံတွေ ဗဟိုချုပ်ကိုင်မှုတွေ များတဲ့အတွက်ကြောင့် တိုင်းပြည်က တော်တော်ကြီးကိုပဲ ယိုယွင်းစုတ်ချာလာခဲ့တယ်။ ဒါပေမယ့် အခုချိန်မှာတော့ ကျမတို့အချင်းချင်းကြားထဲမှာ ဆွေးနွေးညှိနှိုင်းမှုတွေ အများကြီး လုပ်လာနိုင်ပြီ ဖြစ်တယ်။ လာမယ့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမှာ (Bottom-up Federalism) လို့ ခေါ်တဲ့ အောက်ခြေကနေစပြီးတော့ အထက်ကို သွားတဲ့ ပုံစံနဲ့ သွားကြမယ်ဆိုပြီးတော့ တော်လှန်ရေးအင်အားစု တော်တော်များများကြားထဲမှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေ ကျမတို့ လုပ်နေကြပြီ ဖြစ်တယ်။ ဘယ်လိုပုံစံနဲ့ သွားကြမယ်၊ ဘယ်လို အခင်းအကျင်းမျိုးတွေနဲ့ အတူတကွ လက်တွဲဆောင်ရွက်ကြမယ်ဆိုတဲ့ ကိစ္စတွေကို အခုကတည်းက ဆွေးနွေးညှိနှိုင်းပြီးတော့ တယောက်နဲ့ တယောက် အပြန်အလှန် စကားပြောဆိုနေကြပြီ ဖြစ်တယ်။ လာမယ့် အနာဂတ်ပြည်ထောင်စုမှာ စစ်အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းသွားတဲ့အခြေအနေ၊ စစ်တပ်က သူ့တန်းလျားကို သူပြန်ပြီးတော့ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးကိစ္စတွေမှာ ဝင်မပါတော့တဲ့အခြေအနေ ဖန်တီးနိုင်ဖို့၊ ဗမာအပါအဝင် တိုင်းရင်းသားအားလုံးရဲ့ကြားမှာ တန်းတူညီမျှမှုနဲ့ လူနည်းစုတွေရဲ့အခွင့်အရေးပါ မချန်ဘဲနဲ့ သွေးစည်းမှု၊ ချစ်ကြည်မှု၊ တန်းတူမှုတွေကို ဘယ်လိုမျိုး ဖော်ဆောင်မလဲ ဆိုတဲ့ကိစ္စတွေကို အခုကတည်းက သေသေချာချာ စဉ်းစားပြီး ပြင်ဆင်ဆောင်ရွက်ကြဖို့ အချိန်တန်ပြီ ဆိုတဲ့ အကြောင်းကို ပြောချင်ပါတယ်။

***** ***** *****



ပြည်သူနဲ့ တသားတည်း အတူ တိုက်ပွဲဝင်ကြ

ရဲဘော်ထွန်းဟောင်

ပြည်တွင်းမှာ စစ်အုပ်စုဟာ စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ကျင့်သုံးပြီး ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို အရှိန်တိုးမြှင့် ဆက်တိုက်နေပါတယ်။ အကျိုးဆက်အနေနဲ့ တိုင်းပြည်က အစစ အဆင်းရဲဆုံး အခြေအနေကို ရောက်သထက် ရောက်သွားပါတယ်။ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးက စစ်အုပ်စုကို တပြည်လုံး အနှံ့အပြားမှာ လက်နက်ကိုင် အုံကြွ တိုက်ပွဲဝင်နေပါတယ်။

သုံးနှစ်ကျော် လေးနှစ်နီး ကြာလာပြီဖြစ်တဲ့ ရေရှည်စစ်ပွဲမှာ အာဏာသိမ်းစစ်တပ်ဟာ မရှုမလှ အရှုံးကြီးနဲ့ ဘက်ပေါင်းစုံ အကျပ်အတည်းကို ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ စည်းလုံးညီညွတ်တဲ့ ပြည်သူတရပ်ရဲ့ ထောက်ခံချက် မပါရှိဘဲ တိုက်ရတဲ့ စစ်တပ်တတပ်ဟာ ဘယ်လောက် အားနည်းချိနဲ့နေမယ်ဆိုတာ အထူးဖော်ပြနေဖို့ လိုမယ် မထင်ပါဘူး။ ဗိုလ်မင်းအောင်လှိုင်ရဲ့ မျက်မှောက် စစ်တပ်အခြေအနေက သက်သေပြနေပါတယ်။

မြေပြင်မှာ ရင်ဆိုင်တိုက်ပွဲ မတိုက်နိုင်တော့ဘဲ ဝေဟင် လေကြောင်းကိုသာ အားကိုးအားထားပြုလို့ ပြည်သူတွေနေတဲ့ မြို့ရွာတွေ၊ ဘာသာရေးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံ ဆေးပေးခန်းတွေနဲ့ စစ်ရှောင် စခန်းတွေပါမချန် အချက်အခြာ နေရာအားလုံးကို ပြင်းအားမြင့်ဗုံးသီးတွေနဲ့ အဆက်မပြတ် ဗုံးကြဲတိုက်ခိုက်



မီးလောင်တိုက်သွင်းနေတာကြောင့် ရည်ရွယ်ချက်ရှိရှိ တိုင်းပြည်ကြီးကို အဆုံးစွန်ထိ ဖျက်ဆီးပစ်နေတဲ့သဘော ယူဆရပါတယ်။ သန်းပေါင်းများစွာသော ပြည်သူလူထုကတော့ လူမှုဒုက္ခမျိုးစုံနဲ့ စစ်ဘေးရှောင် စစ်ပြေးဒုက္ခသည် ဘဝကို တမဟုတ်ချင်း ရောက်ရှိသွားနေရပါတယ်။

နိုင်ငံရေးအာဏာ၊ စီးပွားရေးအာဏာ၊ လူမှုရေးအာဏာ အကုန်လုံးကို အနှစ် ၇၀ နီးပါး ရယူချုပ်ကိုင်ထားပြီး ပြည်သူလူထုအပေါ် ဗိုလ်ကျအနိုင်ကျင့်လို့ ရနေတာကြောင့် စစ်အုပ်စုအဆက်ဆက် ဒီအခွင့်ထူးအာဏာတွေကို လက်လွှတ်ခံမှာ မဟုတ်ဘဲ တိုင်းပြည်နဲ့ ပြည်သူကိုသာ အစွမ်းကုန် တိုက်ခိုက်သတ်ဖြတ် ဖျက်ဆီးပစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ စစ်ရေးအရ အရှုံးကြီးရှုံး အထိနာလာတဲ့ စစ်အုပ်စုဟာ ပတ်မကြီးထိုးဖောက်ဆိုသလို တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်မှုပြိုကွဲတဲ့ အက်ကြောင်းတချို့ကို အပျော့အမာ ပုံသဏ္ဌာန်စုံနဲ့ ဖန်တီးလာနေပါတယ်။ အဲ့လိုအခြေအနေမှာ နိုင်ငံငယ်၊ ပြည်နယ်ငယ်လေးတွေအဖြစ် ပြိုကွဲသွားလို့ မဖြစ်ပါဘူး။ အဲ့လို ပြိုကွဲတာကို နယ်ချဲ့သမားနဲ့ ပြည်ပနိုင်ငံကြီးတွေက ပိုပြီး လိုလားကြတယ်ဆိုတာကို သတိပြုရပါမယ်။ မေ့မေ့လျော့လျော့ ဖြစ်လို့ မရပါဘူး။ ပြီးတော့ကာ အကျိုးမရှိတဲ့ စစ်ပွဲတွေကိုလည်း သေနင်္ဂဗျူဟာအရကို ရှောင်ရှားဖယ်ခွာရပါမယ်။

ဆိုင်ရာအမျိုးသားအကျိုးစီးပွားအရ ဝင်စွက်လာနိုင်ဖွယ် နိုင်ငံကြီးငယ်တွေရဲ့ ပယောဂတွေနဲ့ ပတ်သက်ရင်လည်း မိမိတို့အနေနဲ့က ဘယ်နိုင်ငံနဲ့ ပတ်သက်လာတဲ့ ဘာပြဿနာဖြစ်ဖြစ် မိမိတိုင်းပြည်၊ မိမိပြည်သူနဲ့ မိမိတော်လှန်ရေး အကျိုးစီးပွားအပေါ်မှာပဲ အခြေခံပြီး စဉ်းစားဆုံးဖြတ်ရမယ် ဖြစ်ပါတယ်။ ပါးနပ်လိမ္မာ အသိဉာဏ်ရှိစွာ ရေရှည်အမြင် ဆက်ဆံရေးနဲ့ပါ ကိုင်တွယ် ဖြေရှင်းရဖို့ ဖြစ်ပါတယ်။

ဒီကနေ့ တိုင်းပြည်ရဲ့တောင်းဆိုချက်က ရိုးရှင်းပါတယ်။

၁။ စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး၊

၂။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပြီးတိုင် ဖျက်သိမ်းရေးနဲ့

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေး ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့တောင်းဆိုချက်ဆိုတာက တမျိုးသားလုံးအရေးပဲ ဖြစ်ပါတယ်။ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသဖြင့် လူမျိုးစုံပြည်သူအားလုံးရဲ့တောင်းဆိုချက် ဖြစ်ပါတယ်။

ပြောချင်တာက စစ် ၃ စစ်နဲ့ သူ့ကို ကျားကန်ပေးထားတဲ့ ၂၀၀၈ အခြေခံဥပဒေကို ကုန်စင်အောင် ဖျက်သိမ်းပစ်ပြီး တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိမယ့် အမျိုးသားပြည်ထောင်များ ပေါင်းစုထားတဲ့ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် လူမျိုးစုံပြည်သူတရပ်လုံးက ရဲရဲဝံ့ဝံ့ အသက်နဲ့ရင်း တောင်းဆိုနေကြတာပါ။

တိုင်းပြည်ရဲ့တောင်းဆိုချက်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့တောင်းဆိုချက် မဟုတ်ပါဘူး။

တိုင်းပြည်ဆိုတာက တောတောင် ရေမြေ သဘာဝ အာကာတခွင်အပါ အချုပ်အခြာ နယ်နမိတ်ရှိပါတယ်။ ဒီနယ်နမိတ်အတွင်း နေထိုင်ကြတဲ့ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ ပါဝင်ကြပါတယ်။



နိုင်ငံတော်ဆိုတာကတော့ တစုံတရာသော စီးပွားရေးစနစ်အရနဲ့ ဒီစီးပွားရေးအုတ်မြစ်နဲ့အညီ နိုင်ငံရေးစနစ်အရ တည်ဆောက်ထားတာလို့ နားလည်ပါတယ်။

နိုင်ငံတော်ကို အတိုတုတ်ဆုံး ချုပ်ပြောရင် နိုင်ငံတော် ၂ မျိုးပဲ ရှိပါလိမ့်မယ်။ တမျိုးက ပြည်သူ့အကျိုးကို ဖော်ဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီနိုင်ငံတော်နဲ့ နောက်တမျိုးက ပြည်သူကို နှိပ်ကွပ်ဖိနှိပ်ပြီး လူတစု၊ လူတအုပ်အကျိုးကို ဖော်ဆောင်တဲ့ အာဏာရှင်နိုင်ငံတော် ဖြစ်ပါတယ်။

ခု ကျနော်တို့တိုင်းပြည်က လူမျိုးစုံပြည်သူတွေ တောင်းဆိုတဲ့ နိုင်ငံတော်ဆိုတာက ပြည်သူအကျိုးကို ဖော်ဆောင်၊ ပြည်သူကို အလုပ်အကျွေးပြု၊ ပြည်သူကို ဗဟိုပြုအခြေခံထားပြီး ပြည်သူ့အကျိုးစီးပွား တိုးပွါး ကြွယ်ဝရေးကို ရှေ့ရှု စီမံဖော်ဆောင်မယ့်၊ တန်းတူရေးနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် အပြည့်အဝရှိမယ့် နိုင်ငံတော်မျိုး ဖြစ်ပါတယ်။ ဖောက်ပြန်တဲ့ နိုင်ငံတော်မျိုးကို မဆိုလိုပါဘူး။ ဖောက်ပြန်တဲ့ နိုင်ငံတော်များကို တိုက်ဖျက်တာကလည်း တိုင်းပြည်ကို ဖျက်ဆီးတာ မဟုတ်ပါဘူး။

ပြောရင် တော်လှန်ရေးတရပ်ရဲ့ အသက်သွေးကြော အခရာအကျဆုံးက ပြည်သူတွေပါ။ ပြည်သူကို ချစ်ရပါမယ်၊ သစ္စာရှိရပါမယ်။ ပြည်သူ့အကျိုး၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင် အလုပ်အကျွေးပြုရပါမယ်။ တခုတော့ ဂရုပြုဖို့ လိုပါတယ်။ အဲဒါက ပြည်သူကိုချစ်ရင် ဖောက်ပြန်ရေးသမားတွေကိုပါ လုံးထွေး ချစ်လို့မရဘူး ဆိုတာပါ။

နောက်ပြီး လူမျိုးဝါဒကို မတည်ဆောက်၊ ဖယ်ရှားပစ်ဖို့နဲ့၊ လူမျိုးဝါဒဆိုတာက လူမျိုးခြားမုန်းတီးရေး အသွင်ဆောင်ပြီး လူမျိုးအချင်းချင်းအကြား ချစ်ကြည်ရင်းနှီး သွေးစည်းညီညွတ်ရေးကို ထိခိုက်ဆုတ်ယုတ် ပျက်ပြားစေပါတယ်။ ဒါကြောင့် လူမျိုးပေါင်းစုံ သွေးစည်းရေးဝါဒကို ထူထောင်ကြဖို့၊ တည်ဆောက်ကြဖို့ ဖြစ်ပါတယ်။

အဲဒါဆိုရင် ကျနော်တို့အားလုံး သွားချင်တဲ့၊ ရည်မှန်းချက်ပြုထားတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံမှုရှိမယ့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးဆီ ဆက်ချီတက်သွားနိုင်ပါလိမ့်မယ်။ ဗမာပြည်လူ့အဖွဲ့အစည်းရဲ့ မျက်မှောက်ခေတ် သမိုင်းကာလကြီးကို မှန်ကန်တဲ့ သမိုင်းရေးအမြင်နဲ့ ပိုင်းခြားစိပ်ဖြာ သုံးသပ်ပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆက်လက်ဆင်နွှဲ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ စုရုံးညီညွတ်စွာ တည်ဆောက်သွားကြဖို့ရာ ဖြစ်ပါတယ်။

သမိုင်းရဲ့ရေစီးကြောင်းဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ စီးဆင်းလာနေပြီ ဖြစ်ပါတယ်။ ဒီသမိုင်းရေစီးကြောင်းကို ဘယ်သူမှ တားလို့မရပါဘူး။ ဖောက်ပြန်တဲ့ အာဏာသိမ်းစစ်အုပ်စုဟာ မလွဲမသွေ မုချ ကျဆုံးရပါမယ်။ ဖောက်ပြန်ရေးသမားတွေ နေဝင်ချိန်ရောက်ပြီဆိုတာ တွေ့နေရပါပြီ။ ကမ္ဘာက ဖောက်ပြန်ရေးသမားတွေ အားလုံးဟာ အဆုံးတန့်မှာ မုချ ပျက်သုဉ်းပါလိမ့်မယ်။ နောက်ဆုံးမှာတော့ တော်လှန်တဲ့ လူတန်းစားက အောင်ပွဲရတာချည်းပါပဲ။ ။

***** ***** *****



ပြန်လည်ဖေါ်ပြချက်

စစ်အာဏာရှင်စနစ်ကို ဆက်လက် တိုက်ပွဲဝင်သွားရေးမှတပါး ရွေးခရာမရှိပြီ

ကေဒက်စ်

(၁)

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီရဲ့ စံတခု။ အာဏာရှင်အစိုးရနဲ့ လားလားမျှ မအပ်စပ်။ အာဏာရှင်အစိုးရဆိုတာ သတ်ဟယ်၊ ဖြတ်ဟယ်၊ လိမ်ဟယ်၊ ညာဟယ်၊ လုယက်ဟယ်၊ ဖိနှိပ်ဟယ်၊ အကြမ်းဖက်ဟယ် စတဲ့ မတရားမှုတွေကို ယဉ်ပါးသူအစိုးရမျိုး ဖြစ်တယ်။

နဝတ-နအဖ ဆိုတာ အဲ့ဒီလို အစိုးရ။ အနှစ် ၂၀ ကျော်ကျော် တတိုင်းပြည်လုံးရော၊ တကမ္ဘာလုံးကိုပါ လိမ်ညာခဲ့သူ။ တိုင်း၊ ဒေသကြီးစတာတွေ ခွဲခြားပြီး စစ်ဘုရင်များကို မွေးထုတ်ကာ ဘယ်တုန်းကနဲ့မှ မတူအောင် ပြည်သူများအပေါ် မတရားမှုများကို ပေါ်လစီအမျိုးမျိုး ချမှတ်ကျင့်သုံး၊ လူယက်မှုတွေ ပြုကျင့်ခဲ့သူ။ လက်ကိုင်တုတ်အဖြစ်၊ ကြိုဖွဲ့တို့ စွမ်းအားရှင်တို့ ဆိုတာတွေကို မွေးထားပြီး ပြည်သူများအပေါ် နေ့စဉ်နဲ့အမျှ အကြမ်းဖက်မှုများကို ဘုရားမရှိ၊ တရားမရှိ ဗိုလ်ကျ ရမ်းကားခွင့်ပြုပြီး ပြည်သူလူထုအတွင်း အကြောက်တရား လွှမ်းမိုးနေအောင် လုပ်ဆောင်နေသူ။

တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများမှာဆိုရင်တော့ တချို့ကို အတုအယောင် ငြိမ်းချမ်းရေးနဲ့ ယာယီစစ်ရပ်စဲထားတယ်။ တချို့ကို ဆက်လက် စစ်ခင်းနေဆဲ ဖြစ်တယ်။ အဲ့ဒီ ဒေသတွေမှာတော့ လုယက်မှု၊ မုဒိမ်းမှု၊



သတ်ဖြတ်မှုတွေကတော့ ကမ်းကုန်အောင်ပါပဲ။ ဒီလို အာဏာရှင် အစိုးရမျိုးဖြစ်တဲ့ နအဖက ၂၀၁၀ ရွေးကောက်ပွဲ ဆိုတာကို လုပ်လိုက်တော့ လိမ်ညာမှု၊ မဲခိုးမှုတွေ၊ မဲလုမှုတွေ၊ အေးဆေးပြတိုက်မှုတွေ၊ ပြောင် မတရားလုပ်မှုတွေနဲ့ တကမ္ဘာလုံး နာမည်ကျော်တဲ့ တရားမျှတမှု မရှိတဲ့ ရွေးကောက်ပွဲ ဖြစ်သွားတော့တယ်။ လွှတ်တော်အတွင်းကနေ ပြည်သူ့အကျိုးအတွက် ထမ်းရွက်ပေးလိုတဲ့ စိတ်ကူးစံနဲ့ ရွေးကောက်ပွဲဝင်တဲ့သူများလည်း တချို့ မတရားမှုတွေနဲ့ ကြုံတွေ့လိုက်ရတယ်။ အနည်းစုလောက်သာ အနိုင်ရခဲ့ရတယ်။ တချို့လည်း စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ကြတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ပြည်သူများ လိုလား တောင်းတနေကြတဲ့ အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေးတိုက်ပွဲ ရေစီးကြောင်းဘက် လှည့်လာကြရင်ဖြင့် ကြုံဆိုရပါလိမ့်မယ်။

ဒီကာလအတွင်းမှာပဲ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာတယ်။ ပြည်သူ့ကွန်ရက်၊ နိုင်ငံတကာကွန်ရက်၊ အခုနောက်ဆုံး ရွေးကောက်ပွဲဝင် ဒီမိုကရေစီပါတီများ၊ တသီးပုဂ္ဂလ ရွေးကောက်ပွဲဝင်သူများ ပါဝင်တဲ့ ဒီမိုကရက်တစ်ကွန်ရက် စတာတွေ ထူထောင်သွားမယ် ဆိုတဲ့အတိုင်း လူငယ်တွေနဲ့ အခိုင်အမာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့တယ်။ ပြည်သူလူထုကြီးတရပ်လုံး ကိုယ်လိုချင်တဲ့ ရည်မှန်းချက်ရောက်အောင် ကိုယ်တိုင်ပါဝင် လုပ်ဆောင်သွားကြဖို့ မေတ္တာရပ်ခံ ဖိတ်ခေါ်ခဲ့တယ်။ နည်းလမ်းဟောင်းတွေရော၊ နည်းလမ်းသစ်တွေရော အားလုံး ကျင့်သုံးသွားမယ်။ ဒီမိုကရေစီရေးအတွက် ပြည်သူစွမ်းအားနဲ့ တိုက်ပွဲဝင်သွားမယ်ဆိုတဲ့ လူထုကြီးနဲ့ တွေ့ဆုံရာမှာပြောတဲ့ ပြောဆိုသံတွေဟာ အင်မတန်ကောင်းတဲ့ ခြေလှမ်းတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်တို့ ရင်ဆိုင်နေရတဲ့ အစိုးရဟာ စစ်အာဏာရှင်အစိုးရဖြစ်တယ်။ အခုအခါ သူ့အာဏာရှင် ဘီလူးရုပ်ကို မင်းသားခေါင်းစွပ်နဲ့ မျက်နှာဖုံးစွပ်နိုင်ဖို့ ရွေးကောက်ပွဲဆိုတာကို ကျင်းပပြီးစီးသွားခဲ့ပြီ။ သူတို့မင်းသား ခေါင်းစွပ်အဖြစ် သုံးမယ့် ရွေးကောက်ပွဲကလည်း မတရားမှုတွေနဲ့မို့ အပုပ်နံ့တထောင်းထောင်း ထနေပြီ။ ဘယ်လိုပဲ ဖြစ်ဖြစ် စစ်အစိုးရဟာ ဒီအပုပ်နံ့ဟောင်နေတဲ့ ရွေးကောက်ပွဲ မျက်နှာဖုံးဆိုတာကို စွပ်ထားလိုက်ပါပြီ။

ရွေးကောက်ပွဲမတိုင်ခင်က ဒီချုပ်ခေါင်းဆောင်များနဲ့ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်း တွေ့ဆုံတော့ ရွေးကောက်ပွဲက တရားမမျှတတာတွေ၊ ပွင့်လင်းမှုမရှိတာတွေ၊ အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲမဖြစ်လို့ အသိအမှတ်မပြုဘဲနေရင် အလွန်ဆုံး ၆ လပါပဲ။ ၆ လလောက်ကျော်သွားရင် အဲ့ဒီတက်လာတဲ့ အစိုးရကို အသိအမှတ်ပြုတာပါပဲဆိုတဲ့ စကားမျိုး ပြောသွားတာလည်း ရှိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲက တက်လာမယ့် ဘောင်းဘီချွတ် အရပ်သားတဖြစ်လဲ အစိုးရကို အရင်ထက် ပိုမို ဆက်ဆံလာပါလိမ့်မယ်။ ဆက်ဆံဖို့ စိုင်းပြင်းနေတာတွေလည်း ကြားနေရပါတယ်။ ဒီလို အနေအထားအောက်မှာ ရွေးကောက်ပွဲက ပေါ်ထွက်လာတဲ့ ဘောင်းဘီချွတ် အရပ်သား အစိုးရကို ဂဃနဏ ခွဲခြမ်းစိတ်ဖြာမှုတွေ လုပ်ကြည့်နိုင်မှ ကျနော်တို့ရဲ့ တိုက်ပွဲနည်းပရိယာယ်တွေ၊ သေနင်္ဂဗျူဟာ ခြေလှမ်းတွေ ကို မှန်ကန်စွာ ချမှတ်နိုင်လိမ့်မယ် ထင်ပါတယ်။ ရွေးကောက်ပွဲက ပေါ်ထွက်လာမယ့် အစိုးရဟာ စစ်တပ်က ကျောထောက်နောက်ခံ ပြုထားတဲ့ စစ်ဗျူရို့ ကရက်ဟောင်း ဘောင်းဘီချွတ် အရပ်သား အစိုးရဖြစ်တယ်။ သူတို့ ဟာ နဝတ၊ နအဖ စစ်အာဏာရှင်စနစ်က မွေးထုတ်ပေးလိုက်တဲ့ စစ်ဗျူရို့ကရက် လူတန်းစားများ ဖြစ်တယ်။ စစ်ဗျူရို့ကရက် လူတန်းစားများ ဘယ်လို ကြီးထွား လာခဲ့ပါသလဲ။

(၂)

ဗမာပြည် ဗျူရိုကရက်လူတန်းစားကို စစ်တပ်က စတင် မွေးထုတ်ခဲ့တာပါ။ ပါလီမန်ခေတ်ကနဲ့ မတူဘဲ နယ်ချဲ့ကုမ္ပဏီရော၊ တိုင်းရင်းသားများရဲ့ စီပွါးရေးလုပ်ငန်းကြီး၊ လတ် ၊သေး အားလုံးကို ပြည်သူပိုင်တံဆိပ်ကပ်ပြီး မွေးလို့ရသလို၊ ပပက၊ လလသသ တို့နဲ့လည်း မွေးမြူနိုင်ခဲ့လို့ စစ်ဗျူရိုကရက် လူတန်းစား စတင် ကြီးထွားလာတယ်။ နဝတ-နအဖ ခေတ်ရောက်တော့ ပါလီမန်ခေတ်ထက်ရော၊ ဗိုလ်နေဝင်းခေတ်ထက်ပါ ပိုမွေးမြူနိုင်ပါတယ်။ နဝတ-နအဖရဲ့ 'ဦးပိုင်စီးပွါးအဖွဲ့'ဆိုတာကို နမူနာ ထားကြည့်ပါ။

၁၉၉၀ ဖေဖော်ဝါရီလမှာ အမိန့် ဥပဒေထုတ်ကာ 'ဦးပိုင်စီးပွါးအဖွဲ့' ဆိုတာကို ဖွဲ့စည်းလိုက်တယ်။ စစ်ဗိုလ်ကြီးများသာ အစုရှယ်ယာ ဝယ်ယူခွင့်ရှိတယ်။ မိမိပိုင် ကျပ်ငွေအရင်းအနှီးများဖြင့် စစ်ဗိုလ်ကြီးများ စီးပွါးရေးလုပ်ငန်း ထူထောင်ပါက အရပ်သားအခွန်ထမ်းတို့ရဲ့ အခွန်ငွေမှ နိုင်ငံခြားသုံးငွေ ၄၀ ရာခိုင်နှုန်းကို ကာကွယ်ရေးဝန်ကြီးဌာနက ပံ့ပိုးသွားရန် ဥပဒေ ချမှတ်ခဲ့တယ်။ ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံခြားသုံးငွေ ဘယ်လောက် ပံ့ပိုးခဲ့တယ်ဆိုတာလည်း ထုတ်ပြန်ခြင်းမရှိ။ လျှို့ဝှက်ထားတယ်။ သတင်းများလည်း လုံခြုံအောင် လျှို့ဝှက်ထားခဲ့တယ်။ စစ်အုပ်စုဝင် ထိပ်သီးများ နတ်ရေကန်ထဲ ဆင်းလိုက်သလို လုပ်ငန်းရှင်ကြီးများ၊ ဓနရှင်ကြီးများ ချက်ချင်းဖြစ်လာခဲ့တယ်။ နိုင်ငံခြား ဖက်စပ်လုပ်ငန်းများ စတင် ပေါ်ထွန်းလာပြီး စီးပွါးရေးလုပ်ငန်းအမျိုးမျိုး ပိုင်ဆိုင်ထားတဲ့ ဓနရှင်ကြီးများ ဖြစ်လာတယ်။ တခြားလုပ်ငန်းကြီး၊ လတ်၊ ငယ်များတွင်လည်း နေရာတကာမှာ သူတို့ ပါဝင် ပတ်သက်နေကြတော့တယ်။ ဥပမာ - ပုဂ္ဂလိက အရင်းရှင်များအနေနဲ့ ကုမ္ပဏီထောင်ချင်ရင်၊ လုပ်ငန်းလုပ်ချင်ရင်၊ သူတို့နဲ့ ကပ်နိုင်မှ အရောရောက်တော့သတဲ့။ နဝတ-နအဖ အနှစ် ၂၀ ကျော်ကာလအတွင်း ဒီလိုစစ်ဗျူရိုကရက်၊ စစ်ဘုရင်များ ကို မွေးထုတ်ခဲ့တဲ့အပြင် သူတို့နဲ့ အမြီးစားဖက်၊ ခေါင်းစားဖက် စီးပွါးရေးလုပ်ငန်းရှင်များ ခရိုနီများကို မွေးထုတ်ခဲ့တယ်။





အပြင်မှာသတင်းတွေ ထွက်ပေါ်နေမှုအရဆိုရင် ဗိုလ်သန်းရွှေက တေဇကို မွေးတယ်။ ဗိုလ်မောင်အေးက အောင်ကိုဝင်းခေါ် ဆရာကျော်ငြိမ်းကို မွေးတယ်။ ဗိုလ်ရွှေမန်းက သူ့သား အောင်သက်မန်းကို မွေးတယ်။ အခု သမ္မတ ဖြစ်သွားတဲ့ ဗိုလ်သိန်းစိန်က လားစိုးမြင့် ဆိုတဲ့ ရှမ်းတရုတ်ကို မွေးတယ်။ ဒုသမ္မတ ဗိုလ်တင်အောင်မြင့်ဦးကတော့ မက်စ်မြန်မာ ဇော်ဇော်ကို မွေးသတဲ့။ နိုင်ငံတော်ပိုင် စီးပွါးရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းလောက်ကိုလည်း သူတို့နဲ့ အမြီး စားဖက် ခေါင်းစားဖက် စီးပွါးရေး လုပ်ငန်းရှင်တွေလက်ထဲကို လွှဲအပ်ထားလိုက်ပြီးပါပြီ။ ဒီလိုနဲ့ ဗမာပြည်စီးပွါးရေးကိုရော ၊နိုင်ငံရေးကိုရော၊ အဖက်ဖက်ကို လက်ဝါးကြီးအုပ်ထားတဲ့ ဖောက်ပြန်တဲ့ ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်လူတန်းစားတွေ ကြီးထွား လာတယ်။

ဒီလူတန်းစားမျိုးဟာ တိုင်းချစ်ပြည်ချစ် အမျိုးသားအရင်းရှင်များနဲ့ လက္ခဏာအရ ကွဲပြားသွားပါပြီ။ နိုင်ငံတော်အာဏာကို ချုပ်ကိုင်ထားပြီး အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားအပါအဝင် ကျန်လူတန်းစား အားလုံးပါဝင်တဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူများကို ရက်ရက်စက်စက် ဖိနှိပ် သွေးစုပ်ပါတော့တယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွါး၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွါးကို လုံးဝ ကျောခိုင်းသွားပါပြီ။ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွါးအားလုံးကို သစ္စာဖောက်သွားခဲ့ပါပြီ။ အခု ဗမာပြည်တိုင်းရင်းသားပေါင်းစုံ ပြည်သူတွေ ရင်ဆိုင်နေရတာက ဒီ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် လူတန်းစားပါပဲ။ ဒီနေ့ ခေါ်ယူကျင်းပနေတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်တိုင်းမှာ သူတို့ စစ်ဗျူရိုကရက်များက ချုပ်ကိုင်ပြီး တိုင်းပြည်မှာ စစ်အာဏာရှင်စနစ် ဆက်လက် ကြီးစိုးသွားနိုင်ရေး လုပ်နေကြောင်း အဖြေပေးနေပါပြီ။ လွှတ်တော်ကနေ ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းရေးအတွက် တချို့ မျှော်မှန်းနေမှုဟာ ဘယ်လိုမှ စိတ်ကူးယဉ်လို့ မရနိုင်ကြောင်းကို အဖြေပေးနေပါပြီ။

ထပ်ပြီး အခိုင်အမာ တချက် ပြောပါဦးမယ်။ ပြည်သူ့လွှတ်တော်မှာ တက်ရောက်နေတဲ့ ကိုယ်စားလှယ် ၄၃၅ ဦးမှာ စစ်တပ်က ကိုယ်စားလှယ် ၁၁၀၊ ကြံ့ဖွံ့ကြ ကိုယ်စားလှယ် ၂၅၉၊ တိုင်းရင်းသားနဲ့ အရပ်သား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၆၆ ဦး၊ အမျိုးသားလွှတ်တော်မှာ တက်ရောက်နေသူ ကိုယ်စားလှယ် ၂၂၄ ဦးအနက် တပ်မှ ကိုယ်စားလှယ် ၅၆၊ ကြံ့ဖွံ့ ၁၂၉ နဲ့ တိုင်းရင်းသားနဲ့ အရပ်သားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၃၉၊ ဒီအခြေအနေကနေ လွှတ်တော်အတွင်းမှာ စစ်အစိုးရအလိုကျ ဆုံးဖြတ်ချက်များမှတပါး တခြား ဘာမှ ဆောင်ရွက်လို့ မရနိုင်ကြောင်း အလွန်ကို ရှင်းနေပြီ။ လက်တွေ့ကလည်း ဒါကို ရှင်းသထက်ရှင်းအောင် အဖြေပေးခဲ့ပြီ။

ဒါကြောင့် ဒီနေ့ ဗမာပြည်တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံး ဒုက္ခပင်လယ်ဝကာ တိုင်းပြည်ခေတ်နောက်ကျ အမျိုးသားဂုဏ်သိက္ခာမဲ့နေတာတွေဟာ ရပ်တန့်သွားမှာ မဟုတ်ပါဘူး။ စစ်အာဏာရှင်စနစ်က ကျောထောက်နောက်ခံပြုထားတဲ့ လွှတ်တော်က ပေါ်ထွက်လာတဲ့ ဘောင်းဘီချွတ် အရပ်သားအစိုးရဟာ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသား ညီညွတ်ရေးအတွက်လည်း ဘာမှ ဆောင်ရွက်ပေးမှာ မဟုတ်ပါဘူး။ တချို့ပြောနေကြ၊ ဝါဒဖြန့်နေကြသလို သမ္မတကြီး ဗိုလ်သိန်းစိန်ဟာ စာတွေဖတ်တယ်၊ အုပ်ချုပ်ရေးအတွေ့အကြုံတွေ ကြွယ်ဝတယ်။ လာဘ်စားမှုနည်းပါးတယ်လို့ ဘယ်လိုပဲ ပြောနေနေ သူဟာ စစ်ဗျူရိုကရက်ပါပဲ။ စစ်အာဏာရှင်စနစ်ကို ထိန်းသိမ်း၊ ကာကွယ်၊ အကောင်အထည်ဖော်နေသူပါပဲ။ ဒီပုတ်ထဲက ဒီပဲပါပဲ။ ကျန်တဲ့ ဒုသမ္မတဖြစ်သူ ဗိုလ်တင်အောင်မြင့်ဦး ဆိုတာကတော့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူမို့ နအဖ ရဲ့ ထိပ်ပိုင်းရောက်လာသူဆိုတာ မီဒီယာလောကမှာ



မကြားချင်အဆုံး ဖြစ်နေပြီ။ ဒီလို ဖောက်ပြန်တဲ့ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေပဲ တိုင်းပြည် အာဏာကို ဆက်လက်ခြယ်လှယ်မြဲ ခြယ်လှယ်နေဦးမှာမို့ ဘာအပြောင်းအလဲမှ ပေါ်လာမှာ မဟုတ်ပါဘူး။

ဒီတော့ ဗမာပြည် အဖိနှိပ်ခံ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးဟာ မိမိတို့လိုချင်တဲ့ ဒီမိုကရေစီ အစိုးရတရပ် ရရှိဖို့ဆိုရင် လက်ဖြန့်ခံတောင်း စေ့စပ်ဆွေးနွေးရေး စားပွဲဝိုင်းကို လက်ယပ်ခေါ်နေရုံနဲ့ မပြီးတော့ဘူး ဆိုတာ ရှင်းနေပါပြီ။ အဖိနှိပ်ခံ ပြည်သူလူထုကြီး တရပ်လုံးဟာ စစ်အာဏာရှင်စနစ်အောက်က မိမိတို့ဘဝ လွတ်မြောက်ရေးအတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ လုပ်ကြရပါလိမ့်မယ်။ အဖိနှိပ်ခံ ပြည်သူများအဖြစ် စစ်အာဏာရှင် စနစ်အောက်မှာပဲ လူလုံးမလှတဲ့ ဘဝများနဲ့ ဆက်လက်ရပ်တည်နေမလား၊ မိမိအပါအဝင် မိမိအမျိုးသားတရပ်လုံး ကမ္ဘာ့ပြည်သူများနဲ့ ရင်ဘောင်တန်းနိုင်ရေးအတွက် အာဏာရှင်စနစ်ဖြိုချရေး အရေးတော်ပုံကြီးအတွင်း လက်တွဲ ပါဝင်ကြမလား၊ အာဏာရှင်စစ်အုပ်စုဘက်ကို ရပ်တည်ကြမလား မုချ ရွေးချယ်ကြရပါလိမ့်မယ်။

စစ်အာဏာရှင်စနစ်ကတော့ ပြည်သူများ ဘယ်လောက်ပဲ ဆန့်ကျင်ကန့်ကွက် ပြောဆိုနေနေ သူရဲ့ လမ်းပြ မြေပုံရဲ့ နောက်ဆုံးအဆင့်ကို တက်လှမ်းသွားပါပြီ။ ရွေးကောက်ပွဲ၊ လွှတ်တော်စတာတွေနဲ့ အာဏာရှင်စနစ်ကို ဒီမိုကရေစီ မျက်နှာဖုံးစွပ်ကာ ပြည်သူလူထုကို စစ်ကျွန်အဖြစ် ဆက်လက်ထားရှိရေးကို ဖော်ဆောင်လာနေပါပြီ။ တိုင်းရင်းသားပေါင်းစုံ ဖိနှိပ်ခံပြည်သူလူထုကြီး တရပ်လုံးအနေနဲ့ကတော့ အချင်းချင်း လက်တွဲထားတဲ့၊ အချင်းချင်း သွေးစည်းညီညွတ်မှုဖြင့် တည်ဆောက်ထားတဲ့ ပြည်သူ့စွမ်းအားဖြင့် နည်းသဏ္ဌာန်မျိုးစုံ ကျင့်သုံးကာ စစ်အာဏာရှင် စနစ်ကို ဆက်လက် တိုက်ပွဲဝင်သွားရေးလမ်းမှတပါး အခြားရွေးလမ်း မရှိတော့ပါဘူး။

ကေအက်စ်


"လူ့ဘောင်သစ်ဂျာနယ်" အမှတ်(၁၂)၊ ၂၀၁၁ ဧန်နဝါရီလ

***** ***** *****




ဒီတလရဲ့ လူမှုစီးပွါးမြင်ကွင်းကိုတော့ ၂၀ ဇန်နဝါရီ၊ ၂၀၂၅ ခုနှစ်ကနေ ၂၀ ဖေဖော်ဝါရီ ၂၀၂၅ ခုနှစ် အထိ တလတာ မြင်လိုက်မိတာလေးကို မှတ်တမ်းပြုထားတာပါ။ ဒီမြင်ကွင်းလေး မြင်ရဖို့ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ (DPNS) ရဲ့လူထုဆက်ဆံရေးကော်မတီ၊ အချက်အလက်မှတ်တမ်းပြုစုရေး အလုပ်အဖွဲ့ Data Collecting Team က ရဲဘော်တွေ ကြိုးစားခဲ့ကြတာပါ။ တလအတွင်း သတင်းဌာနအစုံကနေ စုဆောင်းရရှိချက်တွေကို ပြန်လည်သုံးသပ်တွေ့ရှိချက်တွေပေါ့။


ငွေဈေးနှုန်း


















ဒီတလအတွင်း ငွေဈေးနှုန်းက အပြောင်းအလဲ သိသိသာသာ ရှိတယ်။ ဧန်နဝါရီ ၂၀ ရက်မှာ အမေရိကန်ဒေါ်လာ ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄၆၇၀ ကျပ် (ပြင်ပပေါက်ဈေး) ရှိတယ်။ တဖြည်းဖြည်း အမေရိကန်ဒေါ်လာတန်ဖိုး ကျလာတယ်။ ၂၀ ဖေဖော်ဝါရီမှာတော့ တဒေါ်လာ ၄၄၈၀ ကျပ်ပဲ ပေါက်တော့တယ်။ တလအတွင်း ၁၉၀ ကျပ် ကွာသွားတာ။ စင်္ကာပူဒေါ်လာက အမေရိကန်လောက် ကွာခြားချက်မများပေမဲ့ သူလည်း ကျတာပဲ။ ဧန်နဝါရီ ၂၀ က စင်္ကာပူ ၁ ဒေါ်လာကို ၃၄၃၉ ကျပ် ပေါက်တယ်။ ဖေဖော်ဝါရီ ၂၀ ကျတော့ ၃၃၇၀ ကျပ် ဖြစ်သွားတယ်။ ၆၉ ကျပ်လောက် ကွာသွားတယ်။ မလေးရှားရင်းဂစ်လည်း ကျတယ်။ ဧန်နဝါရီ ၂၀ မှာ ၁၀၄၂ ကျပ် ပေါက်ရာက ဖေဖော်ဝါရီ ၂၀ မှာ ၁၀၁၅ ကျပ်တဲ့။ ၂၇ ကျပ် ကွာတာပေါ့။ ထိုင်းဘတ်ကတော့ အရမ်းကြီး မကွာဘူး။ ဧန်နဝါရီ ၂၀ မှာ ၁၃၆.၆၁ ကျပ်။ ဖေဖော်ဝါရီ ၂၀ မှာ ၁၃၃.၃၃ ကျပ်။ ၃.၂၈ ကွာတာပေါ့။ တရုတ်ယွမ်လည်း ကျတယ်။ ဧန်နဝါရီ ၂၀ တုန်းက ၆၄၅ ကျပ်၊ ဖေဖော်ဝါရီ ၂၀ မှာ ၆၁၇ ကျပ် ဆိုတော့ ၂၈ ကျပ်လောက် ကျသွားတယ်။ ထူးခြားတာ ရှိတယ်။ ဧန်နဝါရီ ၂၂ နဲ့ ၂၃ ဝန်းကျင်လောက်မှာ မြန်မာကျပ်ငွေ ရုတ်တရက်ကြီး ထိုးကျသွားတယ်။ တော်တော်ထိုးကျတာ။ ဟော ၂ ရက်၊ ၃ ရက်လောက်နေတော့ကျ တခါ ရုတ်တရက်ကြီး ထိုးတက်သွားပြန်ရော။ မြန်မာကျပ်ငွေတန်ဖိုး တက်လာတာလား၊ တခြား ငွေကြေးတန်ဖိုးတွေ ကျသွားတာလား ဆိုတာကတော့ လေ့လာချင်စရာပါ။


ရွှေဈေး













ရွှေဈေးကတော့ တော်တော်လေး သိသိသာသာ တက်သွားတယ်။ ကမ္ဘာရော၊ မြန်မာရောပဲ။ ကမ္ဘာ့ရွှေဈေးက ၂၀ တုန်းက တအောင်စကို ၂၆၉၈ ဒေါ်လာ။ ဖေဖော်ဝါရီ ၂၀ ရောက်တော့ တအောင်စ ၂၉၃၆ ဒေါ်လာ ဖြစ်သွားတယ်။ ၂၃၈ ဒေါ်လာ ကွာသွားတယ်။ တက်သွားတယ်။ မြန်မာ့ရွှေ ကြည့်ဦးစို့။ အကယ်ဒမီ မီးလင်းရွှေက ဇန်နဝါရီ ၂၀ မှာ တကျပ်သားကို ၅၄ သိန်း၊ တသောင်းကျပ်။ ဖေဖော်ဝါရီ ၂၀ မှာ ၅၅ သိန်း ဖြစ်သွားပြီ။ တလအတွင်း ၉ သောင်း တက်သွားတာ။ အခေါက်ရွှေက ဇန်နဝါရီ မှာ ၆၅ သိန်းပေါက်ရာက ဖေဖော်ဝါရီမှာတော့ ၆၇ သိန်း၊ ၂ သောင်းကျပ် တဲ့။ သူက ၂ သိန်း ၂ သောင်းကျပ် တက်သွားတယ်။ ၁၅ ပဲရည် ကြည့်ဦး။ ဇန်နဝါရီမှာ ၆၃ သိန်း တဲ့။ ဖေဖော်ဝါရီမှာ ၆၅ သိန်း ၂ သောင်း။ သူလည်း ၂ သိန်း ၂ သောင်း တက်သွားတယ်။ ရွှေဈေးအားလုံးက တလအတွင်း တော်တော်ကြီး ထိုးတက်သွားတာ မြင်ရတယ်။ ရွှေဈေးတွေ အခုလို တက်နေချိန်မှာ မြန်မာကျပ်ငွေက တခြားငွေတွေနဲ့ လဲလှယ်ရင် တန်ဖိုးတက်နေတယ်။ ဘယ်လိုလဲဆိုတာလဲ စိတ်ဝင်စားစရာပါပဲ။

ဆန်ဈေး




ဆန်ဈေးကတော့ ငြိမ်ချက်သားကောင်းတယ် ပြောရမယ်။ ဇန်နဝါရီ ၂၀ တုန်းက ဆန်ချောဈေးက တပြည်ကို ၈၅၀၀ ကျပ်၊ ဆန်ကြမ်းဈေးက ၄၅၀၀ ကျပ်။ ဖေဖော်ဝါရီ ၂၀ မှာလည်း ဆန်ချောဈေး တပြည် ၈၅၀၀ ကျပ်ပဲ။ ဆန်ကြမ်းဈေးကလည်း ၄၅၀၀ ကျပ်က ၄၅၀၀ ကျပ်ပဲ။ ဘာမှ မပြောင်းလဲသွားဘူးရယ်။

စားသုံးဆီ




စားသုံးဆီဈေးတွေ ကြည့်ရအောင်။ ဧန်နဝါရီ ၂၀ မှာ ပဲဆီတပိဿာ ၂၃,၅၀၀ ကျပ်၊ စားအုန်းဆီက ၁၂,၀၀၀ ကျပ်။ ဖေဖော်ဝါရီ ၂၀ မှာလည်း ဒီဈေးပါပဲ။ ပဲဆီက ၂၃,၅၀၀ ကျပ်၊ စားအုန်းဆီ တပိဿာကလည်း ၁၂,၀၀၀ ကျပ် ပါပဲ။ သူလည်း မလှုပ်မရှားဘဲ။

ကြက်သွန်



ကြက်သွန်ဈေးတွေကတော့ ကျပါတယ်။ ဧန်နဝါရီ ၂၀ မှာ ကြက်သွန်နီ တပိဿာ ၆ ထောင်ကျပ်၊ ကြက်သွန်ဖြူက ၂၅,၀၀၀ ကျပ်၊ တလအတွင်း တဖြည်းဖြည်း ကျလာတာ။ ဖေဖော်ဝါရီ ၂၀ ကျတော့ ကြက်သွန်နီက ၄,၂၀၀ ကျပ် ဖြစ်သွားပြီ။ ကြက်သွန်ဖြူကလည်း ၂ သောင်းကျပ် ဖြစ်သွားပြီ။ ကြက်သွန်နီက ၁,၈၀၀ ကျပ် ကျသွားသလို ကြက်သွန်ဖြူက ၅ ထောင်ကျပ် ကျသွားတယ်။

စက်သုံးဆီ



စက်သုံးဆီဈေးနှုန်းကော ဘယ်လိုအခြေအနေရှိမလဲ။ ဧန်နဝါရီ ၂၀ ဓာတ်ဆီဈေးမှာ 92 က တလီတာကို ၃,၀၇၅ ကျပ်၊ 95 က ၃,၁၄၀ ကျပ်။ ဒီဇယ်ဆီက တလီတာ ၂,၇၄၀ ကျပ်။ ဖေဖော်ဝါရီ ၂၀ မှာ 92 က ၃,၁၆၀ ကျပ်၊ 95 က ၃,၂၂၀။ ဒီဇယ် ၂,၇၃၀ ကျပ်တဲ့။ သဘောကတော့ ဓာတ်ဆီဈေး တက်ပြီး ဒီဇယ်ဈေး ကျတယ်ပေါ့။ 92 က ၈၅ ကျပ် တက်လာပြီး၊ 95 က ၈၀ ကျပ်တက်သွားတယ်။ ဒီဇယ်ကတော့ ခပ်ပါးပါးကျ။ ၁၀ ကျပ် ကျလာတယ်။



ပြန်ချုပ်ကြည့်ရရင် မြန်မာကျပ်ငွေစျေးက တခြားငွေကြေးတွေနဲ့ လဲလှယ်ရာမှာ ကျပ်ငွေက တက်လာတယ်။ ရွှေစျေးက ကမ္ဘာမှာရော မြန်မာမှာပါ ခပ်ကြမ်းကြမ်း တက်သွားတယ်။ ဆန်စျေးနဲ့ စားသုံးဆီစျေးက အပြောင်းအလဲ မရှိဘူး။ ကြက်သွန်စျေးက ပြန်ကျလာတယ်။ စက်သုံးဆီစျေးမှာကတော့ ဓာတ်ဆီစျေးတွေ များများတက်ပြီး ဒီဇယ်စျေးက ကျတယ်ဆိုရုံမျှ။ ဘာလို့ ဟိုမှာတက်ပြီး ဒီမှာကျတာလဲ ဆိုတာကတော့ ပြန်လေ့လာချင်စရာပါပဲ။

ဧန်နဝါရီ ၂၂၊ ၂၃ ဝန်းကျင်မှာ ကျပ်ငွေစျေးနှုန်း ရုတ်တရက် ထိုးကျသွားတာ ဘာ့ကြောင့်မှန်း မသိပါ။ တဖြည်းဖြည်း တက်လာတာကတော့ အကြောင်းတရားတချို့ ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေတွေ ဧန်နဝါရီနဲ့ ဖေဖော်ဝါရီအတွင်းတွေမှာ စျေးကွက်ထဲ ထုတ်ရောင်းတာလည်း ပါနိုင်ပါတယ်။ ဧန်နဝါရီ ၆ ရက်က တကြိမ်၊ ဧန်နဝါရီ ၂၀၊ ၂၁နဲ့ ၂၄ ရက်နေ့တွေမှာ တကြိမ်၊ ဖေဖော်ဝါရီ ဒုတိယပတ်ထဲမှာ တကြိမ် ရောင်းချပေးခဲ့တာတွေကြောင့်လည်း ပါမလားပေါ့။ တခြားတွေလည်း ရှိမှာပေါ့။ ဒါပေမဲ့ မြန်မာ့စီးပွားရေးနဲ့အတူ ကျပ်ငွေတန်ဖိုးဟာ ထပ်ကျဦးမဲ့ အလားအလာတွေတော့ တွေ့နေရတုန်းပါပဲ။ နယ်စပ်ကုန်သွယ်ရေး အတော်များများကို တော်လှန်ရေးအင်အားစုတွေက ထိန်းချုပ်ထားတာ၊ နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုတွေက ဆက်တိုး၊ ဆက်ရှိနေတာ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေက ထပ်မတိုးလာတဲ့အပြင် ရှိပြီးသားတွေပါ ပြန်ရုပ်သိမ်းသွား တာ၊ ပြည်တွင်းစစ်က တနှစ်ထက်တနှစ် ပိုမို ကြီးမားကျယ်ပြန်လာတာ စတာတွေက စီးပွါးရေးအပေါ် သက်ရောက်မှု ကြီးမှာပါ။ ၂၀၂၄ ဒီဇင်ဘာ ၁၁ ရက် ကမ္ဘာ့ဘဏ်ထုတ်ပြန်ချက်မှာတော့ မြန်မာ့စီးပွါးရေးဟာ အခုလာမဲ့ မတ်လ ကျရင် အနုတ် ၁ ရာခိုင်နှုန်းအထိ ကျဆင်းဦးမှာလို့ ခန့်မှန်းထားပါတယ်။

ကဲ ... ဒီတလရဲ့ လူမှုစီးပွားမြင်ကွင်းကတော့ ဒီလောက်ပါပဲ။ နောက်လတွေမှာ ဘယ်လိုဖြစ်လာမလဲ မျက်လုံးဖွင့်၊ နားစွင့်ကြည့်ကြတာပေါ့။

***** ***** *****

နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အထိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အထိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အထိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အထိမ်းအမှတ်







နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဃိမ်းအမှတ်





နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဏာမိုးအောက်တ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဏာမိုးအောက်တ်

နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဏာမိုးအောက်တ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဏာမိုးအောက်တ်



နွေဦးတော်လှန်ရေး [၄] နှစ်ပြည့် အာဏာမိုးအောက်တ်





လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ နိဒါန်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် (၁၃၅၀ ပြည့်နှစ်) ဒီမိုကရေစီအရေးတော်ပုံကြီးက သန္ဓေတည် မွေးဖွားပေးခဲ့သော နိုင်ငံရေးပါတီတရပ် ဖြစ်ပေသည်။ ဤကြီးမြတ်၍ ဂုဏ်ပြောင်သော အရေးတော်ပုံကြီးပင်လျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေး တို့အတွက် အစဉ်တစိုက် တိုက်ပွဲဝင်ခဲ့သော မြန်မာပြည် လူမျိုးစုံပြည်သူတို့၏ တော်လှန်ရေးကြီးနှင့် သီးခြားကင်းလွတ်၍ ပေါ်ပေါက်ခဲ့ခြင်းကား မဟုတ်။ ထို့အတူ လွတ်လပ်ပြီးနောက်ပိုင်း အာဏာရ အစိုးရအဆက်ဆက်က ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားသွေးစည်း ခိုင်မာရေး ပြဿနာ တို့ကို ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့သောကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေတွင်း လူထုတိုက်ပွဲ အသီးသီး၏ အဆက်လည်း ဖြစ်သည်။ အထူးသဖြင့် ၁၉၆၂ ခုနှစ်၌ မြန်မာပြည်ရှိ ဒီမိုကရေစီ အခွင့်အရေး အနည်းအပါးကိုပင် ရိုက်ချိုးဖျက်ဆီးပြီး စစ်အာဏာရှင်စနစ်ကို အခိုင်အမာ ကိုင်စွဲခဲ့သော အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင် ပုန်ကန်ခဲ့ကြသည့် ၁၉၆၂ ခုနှစ် ဇူလိုင်(၇)ရက်၊ (၁၉၆၇)၊ (၁၉၆၉) (၁၉၇၄) (၁၉၇၅) (၁၉၇၆) (၁၉၈၇) စသည့်နှစ်များတွင် ဖြစ်ပွားခဲ့သော ဥပဒေတွင်း ကျောင်းသားထု၊ အလုပ်သမားထုနှင့် ပြည်သူလူထုတို့၏ တိုက်ပွဲအသီးသီးနှင့်လည်း တဆက်တည်း ဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာပြည် ဒီမိုကရေစီအရေးတော်ပုံကြီး၏ အဆင့်ဆင့် ဖြစ်ပေါ် တိုးတက်မှုအရ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် မြန်မာပြည်လူမျိုးစုံပြည်သူတို့ ဆင်နွှဲခဲ့သော၊ ဆင်နွှဲလျက်ရှိသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ တာဝန်များကို ဆက်ခံထမ်းရွက်ရန် စုစည်းခဲ့သည့် မျိုးဆက်သစ် နိုင်ငံရေးပါတီတရပ် ဖြစ်ပေသည်။

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီ အစည်းအဝေးက အတည်ပြုသည်။)

***** ***** ****